Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

The Lightning Newsletter

အမှတ် (၅၁) ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ မေလ။ * မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ



## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
## အမှတ်(၉၇/ခ)၊အနောက်ရွှေဂုံတိုင်လမ်း
## ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

### ကြေညာချက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီပြည်ထောင်စု မြန်မာနိုင်ငံတော် တည်ဆောက်ရေးကို ရည်ရွယ်မျှော်မှန်းပြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကျင်းပသော အမျိုးသားညီလာခံနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးလာနိုင်ရေးအတွက် အောက်ပါအနည်းဆုံးလိုအပ်ချက်များကို အာဏာပိုင်တို့အား အသိပေးခဲ့သည်။ ၎င်းလိုအပ်ချက်များမှာ –

(၁) ညီလာခံဦးတည်ချက်(၆)ချက်သည် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲခြင်းနှင့်ပတ်သက်၍ စဉ်းစားရန်အချက်များသာ ဖြစ်ရမည်။

(၂) အခြေခံ(၁၀၄)ချက်သည်လည်း ဆွေးနွေးစဉ်းစားရန်သာဖြစ်ပြီး၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ချည်နှောင်ထားမည့် အခြေခံမူများမဖြစ် (မဖြစ်)စေရပေ။

(၃) ယခင်ညီလာခံကျင်းပခဲ့စဉ်ကကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများသည်၊ ညီလာခံသို့တက်ကြမည့် မိမိတို့၏ ပါတီကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာပါတီက လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိရမည်။

(၄) ၂၀၀၃ ခုနှစ် မေလ(၃၀)ရက်နောက်ပိုင်းတွင် အာဏာပိုင်များက ချိပ်ပိတ်ထားခဲ့သော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများကို ပြန်လည်ဖွင့်ပြီး၊ ဆိုင်းဘုတ်ဖြုတ်ချခြင်းခံခဲ့ရသည့်ရုံးများ၌ ဆိုင်းဘုတ်များပြန်လည်တင်ရန်။

(၅) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့အား ထိန်းသိမ်းထားခြင်းမှ လွှတ်ပေးရန်။

အချက် (၃)နှင့်ပတ်သက်၍ အာဏာပိုင်များနှင့် သဘောတူညီမှုရခဲ့ပါသည်။

သို့သော် အခြားအချက်များနှင့်ပတ်သက်၍ကား–

(၁) တောင်းဆိုချက် (၁)၊ (၂)နှင့်ပတ်သက်၍၊ အမျိုးသားညီလာခံ၌ အစုအဖွဲ့အစည်းအဝေးများမှတစ်ဆင့် ဆွေးနွေးနိုင်မည်ဟု အချက်ပြသော်လည်း အာဏာပိုင်များက ဤကိစ္စများကို မည်ကဲ့သို့ ကိုင်တွယ်မည်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခြင်းမရှိခဲ့ပေ။

(၂) အချက်(၄)၊ (၅)နှင့်ပတ်သက်၍ အာဏာပိုင်များက သဘောတူညီမှုမရှိခဲ့ပေ။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဤအခြေအနေအရ အမျိုးသားညီလာခံတွင် ပါဝင်ခြင်းအားဖြင့်၊ တိုင်းပြည်ကို အကျိုးပြုနိုင်မည်ဟုမယုံကြည်သောကြောင့် အမျိုးသားညီလာခံသို့ မတက်ရောက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့
၂၀၀၄ ခုနှစ်၊ မေလ(၁၄)ရက်

# အမျိုးသားညီလာခံတက်ရောက်ခြင်းဖြင့် အကျိုးရှိမည်မဟုတ်၍ အဖွဲ့ချုပ်ကတက်မည်မဟုတ်ကြောင်း ကြေညာ



အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေမှ အမျိုးသားညီလာခံတက်ရောက်မည်မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ပြောကြားစဉ်

**မေ၊(၁၄)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးတို့ကို ပြန်လွှတ်ပေးရန် အပါအဝင် အမျိုးသားညီလာခံ ကျင်းပခြင်းနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏တောင်းဆိုချက်များအား အာဏာပိုင်များက သဘောတူညီခြင်းမရှိသည့်အတွက် မေ(၁၇)ရက်နေ့တွင်စတင်ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်မည်မဟုတ်ကြောင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ အပါအဝင် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် (၉) ဦးအစုံအညီ (၂)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပြီးနောက် လွန်ခဲ့သည့် ဧပြီလကုန်ပိုင်းက နအဖ က ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်းသည့် အဖွဲ့ချုပ်၏ သဘောထားများကို စစ်အုပ်စုခေါင်းဆောင်များထံပေးပို့ခဲ့ကြသည်။ ထိုသို့ပေးပို့ရာတွင်

စာမျက်နှာ(၃)ကော်လံ (၁)သို့ ❍

# ပြည်သူ့လွှတ်တော်မှတပါး အခြားနည်းလမ်းမရှိ အဖွဲ့ချုပ်က အခိုင်အမာ ပြောဆို

မေလ၂၇ရက် (၁၄)ကြိမ်မြောက်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အကျပ်အတည်းများကို ဖြေရှင်းနိုင်ရန် လူထုက အခွင့်အာဏာအပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်မှတပါး အခြားနည်းလမ်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။

ထိုကြေညာချက်တွင် စစ်အုပ်စုက ထုတ်ပြန်အတည်ပြုထားသော ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲဥပဒေများအရ“လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်” ဆိုသည့်အချက်ကို ပြန်ညွှန်း၍ ထိုဥပဒေကို အာဏာပိုင်များကိုယ်တိုင် လိုက်နာခြင်းမရှိဘဲ ယနေ့အချိန်အထိ ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် ပျက်ကွက်နေကြောင်း ပြတ်သားစွာ ပြောဆိုလိုက်သည်။

စာမျက်နှာ(၃)ကော်လံ (၁)သို့ ❍

## ရွေးကောက်ပွဲရလဒ်အရ ပြည်သူ့လွှတ်တော် ခေါ်ပေးရမယ်

“အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်ဆိုရင် လစ်လျူရှုလိုက်၊ လိုချင်တဲ့ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေ ကျင်းပလိုက်နဲ့လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက် ပါလိမ့်မယ်၊ တိုင်းပြည်ရဲ့အနာဂတ်ဆိုတာဟာ ကစားရမယ့်အရာ မဟုတ်ပါဘူး၊ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့်အရာသာ ဖြစ်ပါတယ်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးဖို့လိုပါတယ်။ ပထမခြေလှမ်းအနေနဲ့ ပြည်သူ့လွှတ်တော် ခေါ်ပေးရပါလိမ့်မယ်”

**ဒေါ်အောင်ဆန်းစုကြည် (၂၈–၅–၉၈)**

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## လွှတ်တော်ခေါ်ယူရေးမှအပ အခြားမရှိ

လောကီနယ်၌ အရာခပ်သိမ်းသည် အကန့်အသတ်ရှိသည်သာဖြစ်သည်။ မည်သည့်အရာကိုစွမဆို သတ်မှတ်ထားသော သို့တည်းမဟုတ် သူ့သဘောသူဆောင်၍ ဖြစ်တည်နေသော အကန့်အသတ် အတိုင်းအတာထက် ကျော်လွန်လာပါက ယင်းကျော်လွန်လာမှုသည်ပင် ယင်းအရာကို ပြန်လည်ပျက်သုဉ်းစေမည့် မျိုးစေ့ကိုသယ်ဆောင်လာပေသည်။ ဤသည်ကား တရားကိုယ်ဖြစ်သည်။ လောကဓမ္မလည်းဖြစ်သည်။ "နိုင်ငံရေးလုပ်ဆောင်မှု" ဟူသော အရာကိစ္စသည်ပင် ဤတရားကိုယ်၏ အကန့်အသတ်ဘောင်အတွင်း၌သာ ဖြစ်တည်လျက်ရှိသည်။

နအဖစစ်အုပ်စုသည် လောကသဘော ဓမ္မသဘောကို နားမလည်ဘဲ၊ ယင်း၏ အကန့်အသတ်ဘောင်ထက်ကျော်လွန်၍ လုပ်ဆောင်လျက်ရှိသည်။ "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ သက်ဆိုင်သူအားလုံး ပါဝင်ဖြေရှင်းရန်" တည်းဟူသော လောကပါလတရားနှင့် ဆီလျော်ညီညွတ်သည့် အကန့်အသတ်ဘောင်ကို ကျော်လွန်၍ စစ်အာဏာရှင်စနစ် တရားဝင်တည်မြဲစေရန်၊ ပြည်သူလူထုကြီးတရပ်လုံး၏ လိုအင်ဆန္ဒကို မျက်ကွယ်ပြု ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပ အင်အားစုများသာမက၊ နိုင်ငံတကာအသိုင်းအဝိုင်းမှပါ ဝိုင်းဝန်းရှုတ်ချ အပြစ်တင်နေစဉ်မှာပင် အတုအယောင်အမျိုးသားညီလာခံကိုကျင်းပလျက် စစ်အုပ်စု၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်လျက်ရှိသည်။ ဤအချက်က စစ်အုပ်စု၏ ဒီမိုကရေစီစနစ်အပေါ် ကြောက်ရွံ့ထိတ်လန့်သည့် စိတ်အစွဲအလန်းကို ထင်ဟပ်ဖော်ပြလျက်ရှိသည့်ပြင်၊ ယင်းသို့ကြိုးပမ်းမှုသည်ပင် စစ်အုပ်စုကို ပြိုကျပျက်သုဉ်းစေမည့် မျိုးစေ့ပင်ဖြစ်သည်။

ဤအချက် မှန်ကန်ကြောင်းကို ဤကာလအတွင်း ဖြစ်ထွန်းပေါ်ပေါက်လာသော၊ နိုင်ငံရေးဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။ မေလ (၁၇)ရက်နေ့က အမျိုးသားညီလာခံကို တက်ရောက်မည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်သည် စစ်အုပ်စုအား ဖိနှိပ်ခံပြည်သူတရပ်လုံးကို ကိုယ်စားပြု၍ စိန်ခေါ်အံတုလိုက်သည့် သမိုင်းဝင်ကြေညာချက်ဖြစ်သည်။ UNLD, UNA အပါအဝင် နိုင်ငံရေးအဖွဲ့အစည်းများမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တသားတည်း ရပ်တည်လျက် ညီလာခံကို မတက်ရောက်ကြခြင်းသည် စစ်အုပ်စု၏ နိုင်ငံရေးချွတ်ခြုံကျမှုကို ပိုမိုလှစ်ဟပြလိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့ စုစုပေါင်း(၈)ဖွဲ့မှ စာရေးတောင်းဆိုသော အချက်များသည် NLD,UNLD နှင့် UNA တို့၏ နိုင်ငံရေးရပ်တည်ချက်များနှင့် တသားတည်းဖြစ်နေခြင်းက စစ်အုပ်စုအား ပိုမိုတုန်လှုပ်ချောက်ချားမှုကို ဖြစ်စေခဲ့သည်။

ကုလသမဂ္ဂမှ တာဝန်ရှိသူများအပါအဝင် ယဉ်ကျေးသော နိုင်ငံတကာလူ့အဖွဲ့အစည်းများမှ သံတမန်နည်းနာအရ ပျော့ပြောင်းသော်လည်း ခိုင်မာသည့်ရပ်တည်ချက်ဖြင့် စစ်အုပ်စု၏ အကန့်အသတ်မဲ့ ရှာလွန်ရှက်တိုက်လာမှုအပေါ် ပြစ်တင်ရှုတ်ချကြသည်မှာလည်း စစ်အုပ်အားပို၍ အထီးကျန်ဖြစ်လာစေလျက်ရှိသည်။

ထူးခြားမှုအရှိဆုံးမှာ "လွှတ်တော်ခေါ်ယူရေးမှအပအခြားမရှိ" ဟူသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြတ်သားခိုင်မာစွာ တောင်းဆိုတိုက်ပွဲဝင်မှုပင် ဖြစ်သည်။ ဤအချက်သည် အဖိနှိပ်ခံပြည်သူလူထုကြီးတရပ်လုံး၏ဆန္ဒကို ကိုယ်စားပြုသည်သာမက အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြည့်ဝ၍ ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်း ဖြစ်ထွန်းရေးအတွက်ပါ အာမခံချက်ဖြစ်သည်။ ယခုအချိန်ကဲ့သို့ စစ်အုပ်စုမှ ဒီမိုကရေစီရေးကို ဖျက်သိမ်း၍ စစ်အာဏာထူထောင်ရန် တဖက်သတ် လုပ်ဆောင်နေချိန်တွင် ပြည်သူလူထု၏ ကိုယ်စား အထက်မြတ်ဆုံး နိုင်ငံရေးထိုးစစ်တရပ်ကို ဆင်နွှဲလိုက်ခြင်းလည်းဖြစ်သည်။ စစ်အုပ်စု၏ လက်ရှိလုပ်ရပ်များကို အပြတ်သားဆုံး ပယ်ချလိုက်ခြင်းလည်း ဖြစ်ပေသည်။ စစ်အုပ်စုအား အစွမ်းကုန်တိုက်ပွဲဝင်ကြရန် တပ်လှန့်အချက်ပေးလိုက်သော တိုက်ပွဲခေါ်သံလည်း ဖြစ်ပေသည်။

ဤကာလတွင် ခက်ခဲလှသော **စိန်ခေါ်မှုများ** (Challenges) ပေါ်ထွန်းနေသကဲ့သို့ ပြည်သူတို့ နှစ်ရှည်လများ စောင့်စားနေရသော **အခွင့်အလမ်းများ** (Oppounities) ကား ပွင့်လန်းလျက်ရှိပေသည်။ စိန်ခေါ်မှုများကို မှန်ကန်စွာ ဖြေရှင်းလျက် အခွင့်အလမ်းများကို စနစ်တကျ ဆွတ်ယူစားသုံးရန်မှာ ယနေ့ကာလ ခေါင်းဆောင်မှုအနုပညာ မည်မျှဖွံ့ဖြိုးလျက်ရှိသည်ဟူသည့်အချက် အပေါ်မူတည်လျက်ရှိသည်။ သမိုင်းဆိုင်ရာ အဓိက လိုအပ်ချက်မှာ အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့် ပြည်သူ့လွှတ်တော် ခေါ်ယူရေးတိုက်ပွဲအား ပြည်သူလူထုတရပ်လုံး ပါဝင်တိုက်ပွဲဝင်ရန်မှအပ အခြားမရှိပြီဖြစ်ကြောင်း တင်ပြအပ်ပေသည်။ ❖

**အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့်**
**စစ်အာဏာရှင်စနစ်အား အမြစ်ပြတ်ချေမှုန်းကြ**

## လူထုလှုပ်ရှားမှု အမှန်တကယ်လိုအပ်နေပြီ ယူအဲန်အေ ထုတ်ဖော်ပြောဆို

ပြည်သူလူထု၏ တခဲနက်ဆန္ဒ သဘောထားကို အတိအလင်းဖော်ပြခဲ့သည့် ရွေးကောက်ပွဲရလဒ်ကို စစ်အုပ်စုက (၁၄)နှစ်တိုင် လျစ်လျူရှု မျက်ကွယ်ပြုထားသည့်အတွက် အကြမ်းမဖက်သော လူထုလှုပ်ရှားမှုများ ဖော်ဆောင်၍ တိုက်ပွဲဝင်သွားရန် အချိန်အခါ ကျရောက်နေပြီဟု တိုင်းရင်းသားခေါင်းဆောင်တဦးက ရွေးကောက်ပွဲနှစ်ပတ်လည် အကြိုနေ့၌ ပြောကြားလိုက်သည်။

တိုင်းရင်းသားနိုင်ငံရေးပါတီ (၉)ခုဖြင့် ဖွဲ့စည်းထားသည့် UNA ခေါ် ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်ဦးပူကျင့်ရှင်းထန်က လူထုလှုပ်ရှားမှု တခုခုလိုမနေဘူးလားဆိုသည့် ဒီဗွီဘီ၏ မေးမြန်းချက်အား ပြန်လည်ဖြေကြားရာတွင် "တကယ်တော့လိုတယ်။ အခုကပြည်သူလူထုမှာ စီးပွားရေးဆိုရင်လည်း ချွတ်ခြုံကျနေပါပြီ။ ဘာမဆိုပဲအဲလိုဖြစ်နေတော့ ပြည်သူလူထုကတော့တနေ့နေ့ကျရင် ပေါက်ကွဲရင် ပေါက်ကွဲနိုင်တဲ့အခြေအနေမှာ ရှိနေပြီ" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ရွေးကောက်ခံပြည်သူ့ ကိုယ်စားလှယ်များက ငြိမ်းချမ်းသောနည်းဖြင့် တိုင်းပြည်အာဏာကိုရရှိရန် ဆောင်ရွက်ခဲ့သော်လည်း စစ်အုပ်စုက လက်နက်ကိုင် အကြမ်းဖက်သောနည်းဖြင့် အာဏာ ဆက်လက်ဆုပ်ကိုင်ထားသည်ကို ပြည်သူလူထုက အဖြေရှာသင့်ပြီဟုလည်း ဆိုလိုက်သည်။

စစ်အုပ်စုသည် လက်နက်ကိုင် အကြမ်းဖက်၍အုပ်ချုပ်ကာ ထင်ရာစိုင်းနေသည့်အတွက် ပြည်သူလူထုတရပ်လုံး စီးပွားရေးချွတ်ခြုံကျလာကြောင်း၊ ထိုအခြေအနေသည် တစထက်တစ လူထုပေါက်ကွဲလာမည့် အခြေအနေသို့ ဆိုက်ရောက်နေကြောင်း ပြောဆိုလိုက်ပြီး လူထုလှုပ်ရှားမှုတရပ်သည် အမှန်တကယ် လိုအပ်နေပြီဟုလည်း ဆိုလိုက်သည်။ ❖

## ကုလသမဂ္ဂမှ ထိရောက်စွာပါဝင်ဖြေရှင်းရန် အဲန်အယ်ဒီတောင်းဆို



အဖွဲ့ချုပ်ပြောခွင့်ရ၊ ဦးလွင်

**မေ၊ (၁၈)ရက်။**

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ချက်ချင်းလွှတ်ပေးပြီး ညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တက်ခွင့်ပြုရန် တောင်းဆိုထားသည့် မေလ (၁၇)ရက်နေ့တွင်ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ၏ ထုတ်ပြန်ကြေညာချက်အပေါ် ထောက်ခံပြောဆိုလိုက်ပြီး ကုလသမဂ္ဂအနေဖြင့် ကြေညာချက်ထုတ်ရုံနှင့် မလုံလောက်တော့ဘဲ မြန်မာ့အရေးတွင် ထိရောက်သည့် နည်းလမ်းများဖြင့် ဝင်ရောက်ကိုင်တွယ်ရန် အချိန်တန်နေပြီဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ပြတ်သားစွာ ဝေဖန်ပြောကြားလိုက်သည်။

ထို့ပြင် မြန်မာပြည်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အခန်းကဏ္ဍအား ပြောဆိုရာတွင် ဦးလွင်က "ခပ်တိုတို ပြောရင်တော့ ဘောလုံးကတော့ UN Court ထဲကို ရောက်နေပြီ။ UN Secretary General က သူက (58th session)မှာ သူတင်ခဲ့တဲ့ Report က ရှိပါတယ်။ ဒီပဲယင်းအရေးအခင်းပြီးမှ တင်တဲ့ကိစ္စပါ။ သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကျဉ်းသားအားလုံးကို လွှတ်ပေးရမယ်။ အဲန်အယ်ဒီရဲ့တရားဝင် နိုင်ငံရေးလှုပ်ရှားခွင့်တွေ ပေးရမယ်။ ရုံးတွေ ဖွင့်ရမယ်။ ပြီးလို့ရှိရင် Ethnic minority တွေနဲ့ ဆွေးနွေးရမယ်၊ ပြီးလို့ရှိရင် အခြေခံဥပဒေရေးရမယ်။ ရွေးကောက်ပွဲ ခေါ်ရမယ်။ ၂၀၀၆ မှာ Ready ဖြစ်နေရမယ်။ အဲလိုဟာ ဘာပြောပြော သူ့ရဲ့အစီအစဉ်ကို ဒါသူ အကောင်အထည်ဖော်ရဖို့ သူ့မှာ တာဝန်လည်းရှိပါတယ်" ဟု လေးနက်စွာ ထုတ်ဖော်ပြောဆိုခဲ့သည်။

တိုင်းရင်းသားခေါင်းဆောင် ဦးပူကျင့်ရှင်းထန်ကလည်း မြန်မာ့နိုင်ငံရေး အခြေအနေကို ကုလသမဂ္ဂအဖွဲ့ကြီးက ဝင်ရောက်ဖြေရှင်းသွားဖို့လိုပြီဟု ပြောဆိုခဲ့သည်။ ❖

### တပ်မတော်သားများ စဉ်းစားဖို့လိုပြီ



" ကျနော်တို့အနေနဲ့တော့ ဘဝတူ အဖွဲ့ချုပ်ဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီအားလုံးကို ဂုဏ်ပြုတယ်။ အချင်းချင်း စာနာတယ်။ အင်မတန်ခက်ခဲတဲ့ကြားကနေ တိုက်ပွဲကို (၁၄) နှစ်ကြာ ဆက်လက်တိုက်ခိုက်နေတဲ့အတွက် ကျနော်တို့ဘက်ကလည်း တတ်နိုင်သလောက် ကူမယ်။ ပြည်သူလူထုအနေနဲ့လည်း ဒီ (၁၄) နှစ်အတွင်းမှာ ခံစားရတာ ကျနော်တို့ စာနာတယ်။ အထူးသဖြင့် အလုပ်သမား၊ လယ်သမားတွေ၊ တပ်မတော်သားတွေကိုလည်းပဲ ကျနော်တို့ ပြောချင်ပါတယ်။ တပ်မတော်သားတွေကိုယ်တိုင်လည်းပဲ ဆင်းရဲနေတယ်ဆိုတာ ကျနော်တို့ သိတယ်။ ဗိုလ်ချုပ်တွေ မပါဘူး။ အခြား တပ်သားတွေဟာလည်း ပြည်သူလူထုလိုပဲ ဆင်းရဲနေတာပဲ။ တပ်မတော်ကို ကျားကန်ပြီးတော့ အလွဲသုံးစားလုပ်နေတဲ့အတွက် ဒီလိုဖြစ်နေတာ။ အဲတော့ တပ်မတော်သားတွေအနေနဲ့လည်းပဲ ဒီအခြေအနေကို ပြန်ပြီးစဉ်းစားဖို့လိုပြီလို့ ပြောချင်ပါတယ် "

ဒေါက်တာစိန်ဝင်း
ဝန်ကြီးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ



# အဖွဲ့ချုပ်ရုံး၌ မိခင်နှင့် ကလေးကျန်းမာရေးလုပ်ငန်း ပြန်လည်စတင်



**မေ၊(၁၀)ရက်။ [ဒီဗွီဘီ]**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကလေးများအတွက် ကျန်းမာရေးဆိုင်ရာ အကူအညီပေးလုပ်ငန်းများကို ရန်ကုန်အဖွဲ့ချုပ်ရုံး၌ ပြီးခဲ့သည့် မေလ(၄)ရက်၊ အင်္ဂါနေ့ကစ၍ အပတ်စဉ် ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးချို့တဲ့သော ကလေးငယ်များကို အထူးဦးစားပေးကူညီပြီး ကလေးတယောက်လျှင် အားဆေးတပုလင်းနှင့် သကြားတထုတ်စီ ပေးဝေကြောင်း သိရသည်။ (ကလေးငယ်အများစုမှာ (၆) လအရွယ်မှ (၅)နှစ် အတွင်းဖြစ်ကြပြီး)အဖွဲ့ချုပ်ရုံးသို့လာရောက်ကြသော မိခင်နှင့် ကလေးငယ်တိုင်းအား အာဟာရဖြစ်စေမည့် အစားအစာများ တိုက်ကျွေးသည်ဟု ဆိုသည်။

ကလေးငယ်များအတွက် ကျန်းမာရေး အကူအညီပေးသည့်လုပ်ငန်းကို အဖွဲ့ချုပ်မှ ၁၉၉၉ ခုနှစ် ဒီဇင်ဘာကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး မေ (၃၀) ဒီပဲယင်းအရေးအခင်းကြောင့် အဖွဲ့ချုပ်ရုံးအား ချိတ်ပိတ်ခံရပြီးနောက်ပိုင်း ယခုမှ ပြန်လည်စတင်နိုင်ခဲ့ကြောင်း သိရသည်။ ❖

# ဗကပ က ခေတ်ပြိုင်နိုင်ငံရေးအင်အားစုအားလုံးသို့ အရေးပေါ်တင်ပြ

နအဖ၏ အတုအယောင် အမျိုးသားညီလာခံသို့ လုံးဝတက်ရောက်မည် မဟုတ်ကြောင်း ၁၉၉၀ခုနှစ်ရွေးကောက်ပွဲ၌ ပြည်သူလူထု၏ မဲအများဆုံးရရှိထားသည့် ပါတီကြီး(၂)ခုဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က တရားဝင်ထုတ်ပြန်ပြောဆိုလိုက်ပြီးနောက်ပိုင်း မေလ (၁၄)ရက်နေ့က ပြည်တွင်းနိုင်ငံရေးပါတီများသို့ စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ဆိုက်ရောက်လာနေပြီဖြစ်ကြောင်း သတိပေးပန်ကြားသည့် အရေးပေါ်ကြေညာချက်(၂)စောင်ကို ထုတ်ပြန်လိုက်သည်။

ဤကြေညာချက်များတွင် စစ်အုပ်စုလက်သစ် နအဖသည် အဲန်အယ်လ်ဒီချေမှုန်းရေးကို အမြန်ဆုံးလုပ်တော့မည်ဖြစ်ကြောင်း ထိုအတွက်ကြောင့် ရှေ့လုပ်ငန်းစဉ်ကို ဝိုင်းစဉ်းစားရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ထောက်ပြပြောဆိုလိုက်ပြီး၊ နအဖစစ်အာဏာရှင်စနစ် အဆုံးသတ်ရေအတွက် ပြည်တွင်းဖော်းပေးရေးနှင့် ပြည်ပဖော်းပေးရေးတို့ကို မည်သို့မည်ပုံပေါင်းစပ်ကြမည်ဆိုခြင်းကို အမြန်ဆုံးလျှို့ဝှက်ဆွေးနွေးအဖြေရှာပြီး စည်းလုံးညီညွတ်စွာ လှုပ်ရှားကြရန် အလောတကြီး တင်ပြလိုက်ခြင်းဖြစ်ကြောင်း ပါရှိသည်။ ❖

# မွန် ကရင်နှင့် တနင်္သာရီတိုင်းတို့မှ အဖွဲ့ချုပ်ဝင်များ၏လှုပ်ရှားမှုများ

**မေ၊(၄)ရက်။ [ဒီဗွီဘီ]**

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းမှ အဖွဲ့ချုပ်စည်းရုံးရေးအဖွဲ့ဝင်များ ပြီးခဲ့သည့် မေလ(၂)ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပူးတွဲအစည်းအဝေးတခု ပြုလုပ်ခဲ့ကြောင်း သိရသည်၊ ထိုအစည်းအဝေးတွင် ကရင်ပြည်နယ်၊ ဖားအံနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့က အဖွဲ့ချုပ်စည်းရုံးရေးကော်မတီဝင်များနှင့် မွန်ပြည်နယ်အတွင်းမှ မြို့နယ် (၁) မြို့နယ်တို့မှ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

ထိုအစည်းအဝေးတွင် ဧပြီလနောက်ဆုံးရက်သတ္တပတ်က ပြုလုပ်ခဲ့သည့် အဖွဲ့ချုပ်ဗဟိုကော်မတီ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြသော အမျိုးသားညီလာခံနှင့်ပတ်သက်၍ နအဖစစ်အုပ်စုအပေါ် တောင်းဆိုခဲ့ကြသော ဗဟိုအလုပ်အမှုဆောင်များ၏ တောင်းဆိုချက်များကို ထောက်ခံကြောင်း ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ ❖

တနင်္သာရီတိုင်း

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုအဖြစ် အဖွဲ့ချုပ်ဝင်များက ကဆုန်လပြည့်ဗုဒ္ဓနေ့က ညောင်ရေသွန်းပွဲနှင့် သက်ကြီးပူဇော်ပွဲများပြုလုပ်ခဲ့ကြရာ မြို့နယ်အဖွဲ့ချုပ်စည်းအဖွဲ့ဝင်များအပါအဝင် အမျိုးသမီးနှင့်လူငယ် စုစုပေါင်း(၃၀)ကျော် (၄၀)ခန့်က အဖွဲ့ချုပ် တူညီဝတ်စုံများဝတ်ဆင်၍ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သက်ကြီးပူဇော်ပွဲကို ကော့သောင်းမြို့နယ် စမ်းချောင်းလမ်းကျေးရွာတွင် ထိုနေ့နံနက်ပိုင်းက ညောင်ရေသွန်းလောင်းပွဲကို အေးရိပ်ငြိမ်စေတီ၌ ပြုလုပ်ခဲ့ကြပြီး ကြွရောက်လာသည့် ဧည့်ပရိသတ်များအား အချိုရည်ပုလင်း (၁,၀၀၀)ကျော် လှူဒါန်းခဲ့သည်ဟုလည်းသိရသည်။ ထို့ပြင် ထားဝယ်ခရိုင် (၄)မြို့နယ်ဖြစ်သည့် လောင်းလုံ၊ ထားဝယ်၊ရေဖြူ၊ သရက်ချောင်း မြို့နယ်များက အဖွဲ့ဝင်များ တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။ ❖

# မကွေးတိုင်း အောင်လံအဖွဲ့ချုပ် ဆွမ်းဆန်စိမ်းလောင်းလှူ

**မေ၊(၃)ရက်။ [ဒီဗွီဘီ]**

မကွေးတိုင်း အောင်လံမြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များက ဦးဆောင်ပြီး ပြီးခဲ့သော ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွမ်းလောင်းပွဲတွင် ဦးဆောင်ခဲ့သူအဖွဲ့ချုပ်ဝင်တဦးက ကဆုန်လပြည့်နေ့တိုင်း လောင်းလှူခဲ့သည်မှာ (၃)နှစ်မြောက်ဖြစ်ပြီး သံဃာတော်(၁,၀၀၀)ခန့်၊ သီလရှင် (၅၀၀)ခန့်နှင့် ယောဂီ(၃၀၀)ခန့်တို့ကို အဖွဲ့ချုပ်ဝင် အင်အား(၅၀၀) နီးပါးခန့်က စိတ်စေတနာ ထက်သန်စွာ လှူဒါန်းခဲ့ကြသည်ဟု ဆိုသည်။

လူအင်အား နှစ်ထောင်နီးပါးခန့်ရှိသော အလှူအဒါန်းပွဲကြီးတွင် တောရောမြို့ပါ အဖွဲ့ချုပ်ဝင်ဦးရေ (၅၀၀) မှ(၈၀၀)အကြား ပြည်သူတို့နှင့်အတူ ပါဝင်ဆင်နွှဲခဲ့ပြီး အပြန်အလှန်ရင်းနှီးမှုရယူကာ အဖွဲ့ချုပ်၏သဘောထား၊ မူဝါဒနှင့် တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက် ဆောင်ရွက်နေမှုများကို လက်တွေ့ပြသခဲ့ကြဟု အောင်လံမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်က ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

# မကွေးတိုင်းချောက်မြို့နယ်အဖွဲ့ချုပ်ဝင်များ မေဒေးနေ့ကျင်းပ

**မေလ၊(၁)ရက်။ [ဒီဗွီဘီ]**

မကွေးတိုင်းချောက်မြို့နယ် အဖွဲ့ချုပ်ဝင်များသည် (၁၁၄)ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနားကို ပြီးခဲ့သော မေလ(၁)ရက်နေ့တွင်ကျင်းပခဲ့ပြီးဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန်နှင့် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

အဆိုပါ မေဒေးနေ့အခမ်းနား၌ချောက်မြို့နယ်ပြည့်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်သိန်းက အလုပ်သမားတို့၏ ရပိုင်ခွင့်စာတမ်းတစောင်ကို ဖတ်ကြားခဲ့ပြီး လွတ်လပ်ရေးရပြီး ဒီမိုကရေစီခေတ် အလုပ်သမားတို့အခြေအနေများကို ၎င်း၏ကိုယ်တွေ့ အတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြောကြားသွားခဲ့သည်။

အကျဉ်းကျခံနေရသော ချောက်မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကြည်တိုး၏ဇနီး ဒေါ်သိန်းသိန်းက မေဒေးနေ့ဖြစ်ပေါ်လာပုံသမိုင်းကို ဟောပြောခဲ့ပြီး ဒု–ဥက္ကဋ္ဌ ဦးအေးမှလည်း ယနေ့ မြန်မာ့ဒီမိုကရေစီရေးတိုက်ပွဲတွင် မိမိတို့ အကျိုးခံစားခွင့်အရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားနိုင်ငံရေးပါတီအပေါ် အားကိုးနေရုံမျှ မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာပူးပေါင်းပါဝင်ရန် လိုအပ်နေပြီဖြစ်ကြောင်း တိုက်တွန်းပြောဆိုသွားခဲ့သည်။ အခမ်းအနားသို့ လူဦးရေ (၂၀၀) ကျော် တက်ရောက်နေခဲ့ပြီး မကွေးနှင့် မန္တလေးတိုင်းမှ အဖွဲ့ချုပ်ဝင် (၁၀၀)နီးပါးက ပင်နီဆင်တူများ ဝတ်ဆင်ကာ တက်ရောက်ခဲ့ကြောင်း သိရသည်။ ❖

❍ရှေ့ဖုံး ပြည်သူ့လွှတ်တော် – မှ

ထို့အပြင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အာဏာပိုင်များကိုယ်တိုင် အကြိမ်ကြိမ်ပြောဆိုခဲ့သည့်များကို ပြန်လည်ထောက်ပြထားပြီး ထိုကတိများအတိုင်း ပြည်သူ့လွှတ်တော် ခေါ်ယူပေးရန် တာဝန်ရှိကြောင်း အတိအလင်းတောင်းဆိုလိုက်သည်။

ထိုကြေညာချက်တွင် အာဏာပိုင်များသည် (၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်အားအသိအမှတ်ပြုရန်နှင့် ဒေါ်အောင်ဆန်းစုကြည်၊ အဖွဲ့ချုပ်၏ခေါင်းဆောင်များနှင့် တိုင်းရင်းသား အဖွဲ့များ၏ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲကို ချက်ချင်းစတင်ရန် ဆိုသည့်အချက်များကို လျစ်လျူရှုနေဆဲဖြစ်ကြောင်း ပြောဆိုသည်။

ဆက်လက်၍ ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ မိမိတို့၏ဆန္ဒအတိုင်း ဖြစ်မလာလျှင်၊ မလိုလျှင်မလိုသလို ပုံပန်းဖျက်ပစ်၍ရသောအရာမဟုတ်ကြောင်း အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ မြွက်ကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

ကြေညာချက်၏ နိဂုံးပိုင်းတွင် တပ်မတော်သားများအပါအဝင် ပြည်သူလူထုတရပ်လုံး၏ တခဲနက်ထောက်ခံအတည်ပြုထားသည့်သဘောထားဆန္ဒများကို ဆန့်ကျင်၍ ယနေ့အချိန်အထိ အကြောင်းပြချက်အမျိုးမျိုးပြကာ လွှတ်တော်ခေါ်ယူမပေးသော်လည်း ထိုရွေးကောက်ပွဲရလဒ် ပျက်ပြယ်သွားမည်မဟုတ်ဘဲ ပြည်သူ့ဆန္ဒအစစ်အမှန်ကို မျက်ကွယ်ပြုကြသူများသာ သားစဉ်မြေးဆက် နာမည်သေပြီး သမိုင်းတရားခံများဖြစ်သွား မည်ဖြစ်ကြောင်းသတိပေးဖော်ပြထားသည်။ ❖

❍ရှေ့ဖုံး အမျိုးသားညီလာခံ – မှ

ယခင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် ချမှတ်ထားသည့် ဦးတည်ချက် (၆)ရပ်၊ အခြေခံရမည့်မူ (၁၀၄)ချက်နှင့် ညီလာခံလုပ်ထုံးလုပ်နည်း များကို ပြန်လည်ပြင်ဆင်ညှိနှိုင်းခွင့်ရှိရန်၊ ညီလာခံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့်ရှိရန်တို့ကို တင်ပြခဲ့ပြီး ထိုအချက်များ လိုက်လျောပါက အဖွဲ့ချုပ်အနေဖြင့် ညီလာခံတက်ရောက်မည်ဖြစ်ကြောင်း သဘောထားပေးပို့ခဲ့သည်။

တောင်းဆိုချက်များအဖြစ် အာဏာပိုင်များက နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒု ဥက္ကဋ္ဌဦးတင်ဦးတို့ကိုအမြန်ဆုံးလွှတ်ပေးပြီး လွန်ခဲ့သည့်နှစ် မေ (၃၀)ကတည်းက ပိတ်ထားခံနေရသော အဖွဲ့ချုပ်ရုံးအားလုံး ပြန်ဖွင့်ခွင့်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

သို့ရာတွင် အမျိုးသားညီလာခံစမည့် (၃)ရက်အလို ညီလာခံတက်ရောက်ရန် နောက်ဆုံးစာရင်း ပေးသွင်းရမည့်နေ့တွင် အဖွဲ့ချုပ်က သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ပြန်လွှတ်ပေးရန် တောင်းဆိုထားချက်ကို အာဏာပိုင်များက သဘောတူညီခြင်းမရှိခဲ့ကြောင်းနှင့် ညီလာခံတက်ရောက်ခြင်းဖြင့် အဖွဲ့ချုပ်အနေဖြင့် အကျိုးရှိမည်မဟုတ်၍ တက်ရောက်မည် မဟုတ်ကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

**၁၉၉၀ ပြည့်နှစ် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ ယနေ့အခြေအနေ**

| | လွှတ်တော်အမတ်များ | အဖွဲ့ချုပ်အမတ်များ |
|---|---|---|
| လွှတ်တော်အမတ်များအားလုံးစုစုပေါင်း | **၄၈၅** | **၃၉၆** |
| ထောင်ကျခံနေရသည့်အမတ်များ | ၁၆ | ၁၄ |
| ပြင်ပသို့ရောက်ရှိနေသည့်အမတ်များ | ၂၈ | ၁၇ |
| ကွယ်လွန်သူအမတ်များ | ၇၉ | ၆၈ |
| အမျိုးသားညီလာခံတက်သည့်အမတ်ပေါင်း | ၁၂ | ၆ |
| အမျိုးသားညီလာခံမတက်သည့်အမတ်ပေါင်း | ၃၉၄ | ၃၂၂ |

# ညီလာခံ ပြီးရင်

ဇပြ

## ဟိုတုန်းက ဘယ်လောက်ပဲ လုပ်ခဲ့၊ လုပ်ခဲ့၊ ဒီတပွဲမှာမပါရင် ကျန်သွားမှာပဲ။ သမိုင်းဟာ အညာတာကင်းတယ်။

နအဖရဲ့ ငါ့မြင်းငါစိုင်းညီလာခံကတော့ တက်ကုန်ဖွင့်သွားနေပြီ။ ဗိုလ်သိန်းစိန်ကို မာလိန်မှူးလုပ်ခိုင်းပြီး ဗိုလ်သန်းရွှေတို့က တနေရာကနေ ညွှန်ကြားတာ လုပ်နေတယ်။ ဒီညီလာခံက ဘာဆုံးဖြတ်မယ်ဆိုတာ ဗေဒင်မေးနေစရာမလိုဘူး။

ဆက်ပြောရ၊ ဆက်စဉ်းစားရမှာက ဘာဆက်ဖြစ်မလဲ၊ ဘာလုပ်ကြမလဲ ဆိုတာပဲ။

အခြေအနေတွေက ဒီအတိုင်းရပ်နေမှာမဟုတ်။ ဗမာပြည်ရဲ့ အခုနောက်ဆုံး အနေအထားက သရေပွဲကို လက်မခံဘူး။ အသိအမှတ်ပြုမှာ မဟုတ်ဘူး။ သမိုင်းမှာ သရေပွဲဆိုတာ ယာယီချည်းသာ ဖြစ်တယ်။

နအဖဟာ တော်ရုံတန်ရုံပိုင်းဖြတ်ချက်နဲ့ ဒီခြေလှမ်းကို လှမ်းတာမဟုတ်ဘူး။ ဆင်ကန်းတောတိုးလုပ်တာလို့ အလွယ်ပြောလို့မဖြစ်ဘူး။ စစ်အုပ်စုဟာ အစီအစဉ်ကို အသေအချာရေးဆွဲပြီး အဖက်ဖက် ပြင်ဆင်မှုတွေ လုပ်ပြီးမှ ညီလာခံကိုခေါ်တာဖြစ်တယ်။ ဒီချုပ်မတက်တာကအစ ဖြစ်လာနိုင်တာတွေကို တွက်ပြီးသား၊ အဲဒီအတွက်ပြင်ဆင်ပြီးသား ဖြစ်တယ်။

အေစီယံမှာ သဘာပတိလုပ်တဲ့အခါ ဗိုလ်သန်းရွှေဟာ ယူနီဖောင်းဝတ်ကြီးနဲ့ သဘာပတိလုပ်လို့ မဖြစ်ဘူးဆိုတာ သိတယ်။ ဒါကိုတခြား အေစီယံအဖွဲ့ဝင်တွေက ကြည့်မှာ မဟုတ်ဘူး။ အီးစီ၊ အာရှပစ္စဖိတ် အဖွဲ့ဆိုတာမျိုးတွေနဲ့ တွေ့ကြဆုံကြတဲ့အခါ ကိုယ့်သဘာပတိက ယူနီဖောင်းကြီးနဲ့ဆိုရင် ကျန်အေစီယံအဖွဲ့ဝင်တွေအဖို့ ခွေးပါတဲ့ဈေးလို မျက်နှာထားရခက်မှာ။ အဲတော့ အဲဒါမတိုင်ခင် ဗိုလ်သန်းရွှေကို လူဝတ် ဝတ်ပေးနိုင်ဖို့အတွက် ဒီညီလာခံက ပြင်ဆင်ပေးရလိမ့်မယ်။

ဒီ ညီလာခံပြီးရင် နအဖဟာ သူတို့လုပ်ချင်တာလုပ်ဖို့အတွက် ရှေ့တလှမ်းတိုးလို့ရပြီလို့ တွက်မှာသေချာတယ်။ ဒါကြောင့် ဒီညီလာခံနဲ့ ဒီတကွေ့ဟာ ဗမာပြည်သမိုင်းမှာ သိပ်အရေးပါတဲ့ အဆစ်အချိုးဖြစ်မယ့် အနေအထားရှိနေတယ်။

သူတို့ချမှတ်ထားတဲ့ ခြေလှမ်း(၇)ချက်အရ ရွေးကောက်ပွဲဆိုတာကို လုပ်ပေးလာရရင် ဒီချုပ်ကိုသူတို့ အပါခိုင်းနိုင်မှာ မဟုတ်။ ဒီချုပ်သာ ရွေးကောက်ပွဲဝင်ခွင့်ရရင် ၁၉၉၀ ရွေးကောက်ပွဲတုန်းက အဖြေမျိုးသာထွက်မှာ သေချာနေတယ်၊ ဒီတော့ ဒီချုပ်ကို ရွေးကောက်ပွဲ ဝင်မပြိုင်အောင်လုပ်ရေးဟာ နောင်မှာ သူတို့ရဲ့ အရေးကြီးတာဝန်တရပ် ဖြစ်လာမှာ သေချာနေတယ်။

တဖက်မှာကြည့်ရင်လည်း နိုင်ငံခြားရေးပေါ်လစီပိုင်းအရ ပြောရရင် နအဖအစိုးရဟာ မစားကောင်းတဲ့အသီးကို စားလိုက်ပြီဖြစ်တယ်။ အဲဒါကတော့ ကျန်ကောင်းလို့ ကျန်တဲ့ သူ့ကိုစာနာနေတဲ့ တခွက်ဆင်လို လူကိုတောင်မှ ဘေးချိတ်လိုက်တာဖြစ်တယ်။

စစ်ဗိုလ်ချုပ်တွေ ဒါလောက်တရားမဲ့ ခေးမဲ့လုပ်နေတာကို သူတို့အောက်ခြေမှာ မကျေနပ်တာအမှန်ပဲ။ သာမန်တပ်သားတွေ ငတ်လိုက်ကြတာအလွန်။ လခက မဖြစ်စလောက်၊ ရာရှင်က ရတလှည့်၊ မရတလှည့်၊ ရပြန်တော့လည်း ဆန်ကပိုးထိုးလောက်တက်၊ ငပိက ဝက်စာ၊ ဆီက မီးဖိုပေါ်မှာ အကြာကြီးတင်ထားပြီး ရေနဲ့ပက် အနံ့ဖျောက်ရတယ်။ စစ်သားဆိုတာလည်း ဦးနှောက်ရှိတယ်၊ အရာရှိဆိုတာက ပညာတတ်တွေ၊ သူတို့လည်း နအဖအဖို့ ဘာခြေလှမ်း လှမ်း–လှမ်း နောက်ပိုင်း မီးသေအောင် လုပ်ရတာကိုက အလုပ်ကြီးတခု ဖြစ်နေတယ်။ ဗိုလ်သန်းရွှေတို့က သူတို့လုပ်တဲ့ အခြေခံဥပဒေနဲ့အညီ အရပ်ဖက်အစိုးရ ရာထူးတွေ ယူလိုက်ပြီဆိုရင် နောက်တဆက် ဗိုလ်ချုပ်တွေကိုတပ်ဖက်က သူတို့နေရာတွေ ပေးလိုက်လို့ရမယ်။ ဒါဆိုရင် အတိုင်းအတာတခုတော့ ငြိမ်သွားအောင် လုပ်လို့ရမှာပဲ။ ဒါပေမယ့် စစ်သား၊ စစ်ဗိုလ်တိုင်း ကိုယ့်အတွက် တခုခုရရင် နှုတ်ပိတ်သွားတယ်ဆိုတာမျိုး မဟုတ်ဘူး။

ဒီချုပ်အဖို့ပြောရရင်လည်း (၁၉၉၀) ခုနှစ်တုန်းက ပြည်သူတွေက သူတို့ကို မဲပေးလိုက်တာဟာ မိမိတို့အတွက် တိုက်ပွဲဝင်ပေးဖို့ တာဝန်ပေးလိုက်တာဖြစ်တယ်ဆိုတာ ပိုရှင်းလာတယ်။ အခု အလှည့်ကျပြီ၊ နွဲ့လို့မရတော့ဘူး။ ဒါပေမယ့် သူတို့လည်း အရမ်းလုပ်လို့မရဘူး။ ပြည်သူလူထုကို ဘယ်လောက် စည်းရုံးနိုင်တယ်ဆိုတာ အရေးကြီးလာပြီ။ ဒီချုပ်အနေနဲ့ လူထုကြီးကို ဘာမလုပ်ပါနဲ့ဦး၊ ဘာလောက်ပဲလုပ်ပါလို့ ပြောရမယ့်အချိန် မဟုတ်တော့ဘူး။ လာ .... နောက်ကလိုက်ခဲ့ကြလို့ ပြောရမယ့်အချိန်နဲ့ နီးသထက် နီးလာပြီ။

ကျန်အတိုက်အခံတွေလည်း 'ပူးသတ်မလား–ခွာသတ်မလား'ငြင်းနေကြရမယ့်အချိန် မဟုတ်တော့ဘူး။ ဒီနေရာမှာ 'ပူးသတ်မလား–ခွာသတ်မလား'ဆိုတာ ငြိမ်းအဖွဲ့တွေကို ဆိုလိုတာမဟုတ်ဘူးဆိုတာ ရှင်းထားရမယ်၊ ဒီအဖွဲ့တွေက အတိုက်အခံအဖွဲ့တွေ မဟုတ်ဘူး၊ (အနည်းဆုံး မဟုတ်သေးဘူးလို့ ဆိုနိုင်တယ်)။ အတိုက်အခံတွေဟာ တူညီတဲ့လုပ်ငန်းစဉ်တခု စဉ်းစားကြဖို့လိုပြီ။ ပြည်တွင်းကို အခြေခံ၊ ပြည်ပကိုလည်း အသုံးပြုဆိုတဲ့ အခြေခံမျိုးလို တူနိုင်တာကစရင် ရမယ်ထင်တယ်။ ညှိကြရမယ်။ ကိုယ်ကျိုးကင်းကင်း လုပ်ကိုင်ရမယ်။ ဗမာပြည်အခြေအနေဟာ တိုက်ပွဲကြီးတွေနဲ့မှ ပြောင်းလဲတာဆိုရင် အဲဒီတိုက်ပွဲမှာ အဖွဲ့အစည်းတိုင်း၊ လူပုဂ္ဂိုလ်တိုင်း ပြန်အစမ်းသပ်ခံရဦးမှာပဲ။ ဟိုတုန်းက ဘယ်လောက်ပဲ လုပ်ခဲ့၊ လုပ်ခဲ့၊ ဒီတပွဲမှာမပါရင် ကျန်သွားမှာပဲ။ သမိုင်းဟာ အညာတာကင်းတယ်။

ဗမာပြည်အရေးမှာ ရွှေပြည်အေးဝါဒနဲ့ တရားချချင်ကြတဲ့ နိုင်ငံခြားသား "ဗမာပြည်အရေး ကျွမ်းကျင်သူများ"လည်းအတော်ခေါင်းရှုပ်နေကြမှာ သေချာတယ်။ သူတို့တလျှောက်လုံးသရုပ်ခွဲနေတဲ့ "ပျော့ပြောင်းသူ" ဗိုလ်ခင်ညွန့်နဲ့ ကျန်အမာခံတွေနဲ့ ဆိုတဲ့ ဖော်မြူလာကို ဒီတကွေ့မှာ ဘယ်လိုလက်တွေ့အသုံးချရမလဲမသိ ဖြစ်မှာသေချာတယ်။

သူတို့သာ ခေါင်းရှုပ်နေတာ၊ ဗမာပြည်ပြည်သူတွေနဲ့ စစ်အစိုးရကို တကယ်ဆန့်ကျင်တဲ့ အင်အားစုတွေကတော့ ရှင်းတယ်။ သူသေငါရှင်တိုက်ပွဲက နီးသထက် နီးလာနေပြီ။ နအဖလုပ်ပုံနဲ့က ပွဲကြမ်းမယ့် အလားအလာတွေ မြင်နေရတယ်။

သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ်သွားရင်တော့ သမိုင်းနဲ့ချီ ပွဲကြမ်းမှာဖြစ်တယ်။ အတောမသတ်တဲ့ ပြည်တွင်းစစ်ကြီးနဲ့ ဒေသအလိုက်စစ်တွေ ဖြစ်တော့မှာ။ နောက်ပြီး ပြည်သူတွေ မျိုးဆက်နဲ့ချီပြီး စစ်အုပ်စုမျိုးဆက် အဆက်ဆက်ကို အရှုံးပေးကြရမှာ။ခေါင်းအေးအေးထား စဉ်းစားကြဖို့လိုတယ်။ ဒါပေမယ့် အေးအေးဆေးဆေး လုပ်နေလို့ မရဘူး။ ❖

## လူ့အခွင့်အရေးချိုးဖောက်မှုများ စစ်အုပ်စုက ဝန်ခံရန် အိုင်အယ်လ်အိုတောင်းဆို

မြန်မာနိုင်ငံတွင် အဓမ္မအလုပ်ခိုင်းစေမှုများ ဆက်ရှိနေပြီး မကျေနပ်၍တိုင်ကြားသူများအား ထောင်ဒဏ်နှစ်ရှည်ချမှတ်နေမှုကို နအဖက ဝန်ခံရန်လိုအပ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် အိုင်အယ်လ်အို အရာရှိ ရစ်ချဒ်ဟော်ဆေးက မေ(၂၁)ရက်တွင် အသိပေးပြောကြားလိုက်သည်။

အိုင်အယ်အိုကို သတင်းပေးသည်ဆိုပြီး ထောင်ချထားသူ (၃)ဦးအနက်မှ (၂)ဦးကို သေဒဏ်မှထောင်ဒဏ် (၃)နှစ်၊ကျန်(၁)ဦးကို တသက်တကျွန်းချမှတ်လိုက်ခြင်း ကိစ္စအား စစ်အာဏာပိုင်တို့မှ ချက်ချင်းဖြေရှင်းရန် ရစ်ချဒ်ဟိုးဆေးက တောင်းဆိုထားသည်။



အိုင်အယ်လ်အို အရာရှိ
ရစ်ချဒ်ဟော်ဆေး

၂၀၀၄ ခုနစ်ဇန်နဝါရီမှစ၍ ယနေ့ထိ အိုင်အယ်အိုသို့ အဓမ္မအလုပ်ခိုင်းစေမှု တိုင်ကြားချက်ပေါင်း(၃၅)ခု ရောက်ရှိခဲ့ပြီး တိုင်ကြားသူများအား ဒေသအာဏာပိုင်တို့က ပြင်းထန်စွာအရေးယူခဲ့ခြင်းကို နအဖထိပ်ပိုင်းခေါင်းဆောင်များ ဝန်ခံခြင်းမရှိဟု ဟော်ဆေးက ပြစ်တင်ဝေဖန်ခဲ့သည်။

နအဖသည် အဓမ္မလုပ်အား ခိုင်းစေမှုပပျောက်ရေးအတွက် ဥပဒေတရပ် ၂၀၀၀ ခုနှစ်တွင် ထုတ်ပြန်ထားသည်။ ❖

## ဒီမိုကရေစီရေးအတွက် စစ်အုပ်စု ကြိုးပမ်းရန် လိုအပ်



ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာဝါဂူချီ

**မေ(၁၈)ရက်။**

အာရှတိုက်၏ အကြီးဆုံးအလှူရှင် နိုင်ငံဖြစ်ပြီး စစ်အုပ်စုအား အဓိကထောက်ပံ့နေသည့် ဂျပန်က ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ၌ အတိုက်အခံများအပါဝင် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်ခွင့်ပေးရန် တောင်းဆိုသည်။

တိုင်းရင်းသားအင်အားစု အဖွဲ့အစည်းများနှင့် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဲန်အယ်ဒီတို့ ပါဝင်ခြင်းမရှိသည့် ညီလာခံအပေါ် သံသယဖြစ်မိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာဝါဂူချီက ဆိုသည်။

ဂျပန်အစိုးရအနေဖြင့် လက်ရှိကျင်းပနေသော ညီလာခံအား အနီးကပ်စောင့်ကြည့်နေသလို မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် တိုးတက်ကူပြောင်းလာရေးအတွက် စစ်အုပ်စုမှ အားထုတ်ကြိုးပမ်းရန် လိုအပ်ကြောင်း ကာဝါဂူချီက တိုက်တွန်းလိုက်သည်။ ❖

## အဲန်အယ်ဒီမပါသောညီလာခံ လက်ခံဖွယ်မရှိ၊ ကုလသမဂ္ဂအတွင်းမှူး ကိုဖီအာနန်ဆို

**မေ(၁၈)ရက်။**

အဲန်အယ်ဒီနှင့် အခြားတိုင်းရင်းသား နိုင်ငံရေး အင်အားစုများ တက်ရောက်ခြင်းမရှိသော နအဖ အမျိုးသားညီလာခံသည် ယုံကြည်လက်ခံနိုင်ဖွယ်မရှိကြောင်း ကုလအတွင်းရေးမှူး ကိုဖီအာနန်က ယမန်နေ့က ပြောကြားလိုက်သည်။



ကုလသမဂ္ဂ အတွင်းရေးမှူး
ကိုဖီအာနန်

ယခု ကျင်းပလျက်ရှိသော ညီလာခံတွင် ပါဝင်သင့်သူအားလုံး ပါဝင်ခွင့်ရပြီး ၎င်းတို့၏ အမြင်သဘောထားများကို လွတ်လပ်စွာ ဖော်ထုတ်တင်ပြခွင့်ရရန် အရေးကြီးကြောင်း ကိုဖီအာနန်၏ ပြောခွင့်ရပုဂ္ဂိုလ် ဖရက်အက်ဟတ်ဒ်က ပြောဆိုခဲ့သည်။

စစ်အုပ်စုသည် ကုလသမဂ္ဂ၏ တောင်းဆိုချက်များဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အား ချက်ချင်းလွှတ်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေး၊ အဲန်အယ်ဒီ အပါအဝင် နိုင်ငံရေးပါတီများ လွတ်လပ်စွာလှုပ်ရှားခွင့်ပြုရေးနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးတို့ကို တခုမှ အကောင်အထည်ဖော်ခြင်းမရှိရုံမက အာမခံထားချက်များကိုလည်း လိုက်နာခြင်းမရှိသည့်အတွက် အတွင်းရေးမှူးချုပ်မှ အံ့ဩတုန်လှုပ်မိကြောင်း ၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

သို့ဖြင့်၍ အိမ်နီးချင်းအာဆီယံနိုင်ငံများမှ မြန်မာအုပ်စုအပေါ် ဝိုင်ဝန်းဖိအားပေးရန် ကိုဖီအာနန်က မေတ္တာရပ်ခံခဲ့ပြီး ၎င်း၏အထူးသံတမန် ရာဇာလီအစ္စမေးလ်ကို ရန်ကုန်သို့ အမြန်ဆုံး သွားရောက်ခွင့်ပြုရန် တောင်းဆိုထားသည်။ ❖

# နအဖစစ်အုပ်စုအပေါ် အမေရိကန်၏စီးပွားရေးပိတ်ဆို့မှု တနှစ်ထပ်တိုး



**အမေရိကန်သမတ ဂျော့ဘုရှ်**

**မေ၊(၁၈)ရက်။**

အမေရိကန်အစိုးရက နအဖ အပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုဥပဒေကို တနှစ်သက်တမ်း ထပ်မံတိုးမြှင့်လိုက်ကြောင်း သမတဂျော့ဒဗလျူဘုရှ်က ကြေညာလိုက်သည်။

ထိုကြေညာချက်ကို နအဖက ပြန်လည် ကျင်းပနေသည့် အမျိုးသားညီလာခံဖွင့်ပွဲနေ့မှာပင် ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး မြန်မာစစ်ဗိုလ်ချုပ်ကြီးများသည် နိုင်ငံတကာဖိအားပေးမှုများကိုလျစ်လျူရှု၍ ထင်ရာစိုင်းနေသည့်အတွက် ပိုမိုပြင်းထန်သည့် ဖိအားပေးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတိပေးလိုပုံရသည်ဟု နိုင်ငံရေးလေ့လာသူများက ဆိုသည်။

ထိုဥပဒေကို ၁၉၉၇ ခု သမတဘီလ်ကလင်တန် လက်ထက်ကတည်းက အတည်ပြုထားခြင်းဖြစ်ပြီး မြန်မာပြည်တွင် ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးများ တိုးတက်ပြောင်းလဲလာခြင်းမရှိသေးသ၍ အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်စီးပွားရေးလုပ်ငန်းများ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ရန်တားမြစ်သည့် ဥပဒေဖြစ်ပြီး သမတ၏အခွင့်အာဏာနှင့် တနှစ်တကြိမ် သက်တမ်းတိုးနိုင်သည်။

အလားတူ ၂၀၀၃ ခု မေလက ဖြစ်ပွားခဲ့သည့် ဒီပဲယင်းအကြမ်းဖက်မှုအပြီး ပြဋ္ဌာန်းခဲ့သည့် 'မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေ ၂၀၀၃'ကိုလည်း ထပ်မံသက်တမ်းတိုးရန် အမေရိကန် အထက်လွှတ်တော်တွင် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်းသိရပြီး လာမည့်ဇူလိုင်လအတွင်း သမတက အတည်ပြုလက်မှတ် ရေးထိုးဖွယ် အခြေအနေရှိသည်ဟု US campaign for Burma အဖွဲ့မှ ညွှန်မှူးဦးအောင်က ဆိုသည်။

အဆိုပါ ဥပဒေတွင် နအဖဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့၏မိသားစုများ အပါအဝင် နအဖက ဖွဲ့စည်းပေးထားသော ကြံ့ဖွံ့ခေါင်းဆောင်များကို ပြည်ဝင်ခွင့်ဗီဇာပိတ်ခြင်း၊ နိုင်ငံတကာ ငွေကြေးအဖွဲ့များက မြန်မာနိုင်ငံကို အကူအညီမပေးနိုင်ရန် ဖိအားပေးခြင်းများ ပါဝင်သည်။ ❖

# အမျိုးသားညီလာခံအပေါ် အာဆီယံ၏ ဝေဖန်မှုများ

## အဖွဲ့ချုပ်မပါသည့် ညီလာခံနိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်

**မေ၊(၁၇)ရက်။ [အေပီ]**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပါဝင်တက်ရောက်ခြင်းမရှိသော အမျိုးသားညီလာခံသည် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်၏ ပြောကြားခဲ့သည်ဟု အေပီသတင်းဌာနကို ပြောကြားလိုက်သည်။



**ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်**

မစ္စတာထပ်ဆင်က အမျိုးသားညီလာခံဖွင့်ပွဲနေ့တွင် ယခုလိုပြောကြားလိုက်ခြင်းဖြစ်သည် နိုင်ငံတကာ၏ ပထမဆုံးဝေဖန်ချက်ဖြစ်သလို အာဆီယံအဖွဲ့ဝင်နိုင်ငံ တနိုင်ငံ၏ ပြောကြားချက်လည်းဖြစ်သည်။

၎င်းက အိမ်နီးချင်းနိုင်ငံတနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ယခုလိုတိုးတက်မှုနှောင့်နှေးနေခြင်းသည် စိတ်ပျက်ဖွယ်ကောင်းကြောင်း ဆက်လက်ပြောဆိုခဲ့သည်။ ဆက်လက်၍ ညီလာခံတွင် နိုင်ငံရေး ပါတီများအားလုံးနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်တက်ရောက်လိမ့်မည်ဟု အခိုင်အမာ မျှော်လင့်ခဲ့သော်လည်း မျှော်လင့်သလိုဖြစ်မလာသည့်အတွက် စိတ်ပျက်လက်ပျက်ဖြစ်ရကြောင်း ရွေးကောက်ပွဲ မဲအများဆုံးရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မတက်ရောက်သည့်အတွက်လည်း စိုးရိမ်မကင်းဖြစ်မိသည်ဟု ဆိုခဲ့သည်။ ❖

## ညီလာခံတက်ရောက်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေး



**အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆမ်းဝီရာယုဒါ**

**မေ၊ (၁၉)ရက်။**

အမျိုးသားညီလာခံတွင် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်တက်ရောက်နိုင်ရေးအတွက် လွှတ်ပေးရန်လိုအပ်ကြောင်း အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

နအဖက ကျင်းပနေသည့် အမျိုးသားညီလာခံ (၃)ရက်မြောက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆမ်းဝီရာယုဒက ယခုလိုတောင်းဆိုလိုက်ခြင်းဖြစ်ပြီး ညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်တက်ရောက်ရေးကို အပြုသဘောဖြင့် လက်ခံသင့်သည်ဟု စစ်အုပ်စုကို ပြောဆိုလိုက်သည်။

ထို့ပြင် မြန်မာ့ဒီမိုကရေစီရေး ဖြစ်စဉ်တရပ်ဖြစ်သည့် အမျိုးသားညီလာခံတွင် နိုင်ငံတကာက မျှော်လင့်ထားသလို နိုင်ငံရေး အင်အားစုများအားလုံး ပါဝင်နိုင်ခြင်းမရှိသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း ၎င်း၏ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ❖

# အမျိုးသားညီလာခံမဟုတ် နအဖညီလာခံသာဖြစ်ဟု သံတမန်များကဆို

**မေ၊(၁၇)ရက်။ [ဒီဗွီဘီ]**

ဖိတ်ကြားထားသူ (၁၀၈၈)ဦးအနက် (၁၀၇၆)ဦး တက်ရောက်ခဲ့၍ ၉၈.၉ ရာခိုင်နှုန်းရှိသောကြောင့် ညီလာခံထမြောက်အောင်မြင်ကြောင်း ညီလာခံကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းစိန်က အဖွင့်အမှာစကား ပြောကြားခဲ့သော်လည်း အဆိုပါညီလာခံမှာ အမျိုးသားညီလာခံမဟုတ်ဘဲ နအဖညီလာခံသာဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်များနှင့် အနောက်တိုင်းသံတမန်များက အမျိုးသားညီလာခံ ဖွင့်ပွဲနေ့မှာပင် ပြက်ရယ်ဝေဖန်ခဲ့ကြကြောင်းသိရသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ရန်ကုန်အခြေစိုက် သံတမန်အားလုံးကို အာဏာပိုင်များမှ ဖိတ်ကြားထားသော်လည်း အမေရိကန်နှင့် ဥရောပသမဂ္ဂ သံတမန်များ တက်ရောက်လာခြင်း မရှိခဲ့ချေ။

"ကျနော်တို့ မတက်တာကို ကြည့်ခြင်းအားဖြင့် ဒီညီလာခံရဲ့ အဆင့်အတန်းကို ခင်ဗျားတို့ ခန့်မှန်းလို့ ရနိုင်ပါတယ်"ဟု အမေရိကန်သံရုံးတာဝန်ခံတဦးက ပြောကြားလိုက်ပြီး "အမေရိကန်အစိုးရအနေနဲ့ မြင်ချင်တာကတော့ တိုင်းပြည်ရဲ့တည်ငြိမ်မှုနဲ့ အေးချမ်းရေးကိုလိုချင်ရင် စစ်မှန်ပြီး အနှစ်သာရရှိတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ရပါလိမ့်မယ်။

စစ်အစိုးရရယ်၊ ဒီမိုကရေစီအင်အားစုတွေရယ်၊ တိုင်းရင်းသားအင်အားစုတွေရယ်ကြားမှာ ဆွေးနွေးအဖြေရှာမှုသာ ဖြစ်လိမ့်မယ်"ဟု AFP သတင်းဌာနမှ ဆက်လက်ပြောဆိုခဲ့သည်။

အဆိုပါညီလာခံတွင် နိုင်ငံသတင်းထောက်များကို သတင်းယူခွင့်မပေးခဲ့သည့်အပြင် သွားခွင့်ရခဲ့သည့်၊ သတင်းယူခွင့်ရခဲ့သည့် မြန်မာသတင်းထောက်များကိုလည်း လက်ကိုင်ဖုန်းနှင့် ခရီးဆောင်ကွန်ပြူတာနှင့် အသံဖမ်းစက်ပါ ယူဆောင်ခွင့် မပေးခဲ့သည့်အတွက် ဗိုလ်ချုပ်သိန်းစိန်ပြောသမျှကို မှတ်စုလိုက်ရေးရုံကလွဲပြီး အခြားဘာမှ လုပ်ခွင့်မရကြောင်း သတင်းထောက်များက ပြောဆိုသည်။

ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်နေသူများတွင် ရွေးကောက်ခံ ကိုယ်စားလှယ် (၁၂)ဦးသာ ပါရှိခဲ့ကြောင်းသိရပြီး ၎င်းတို့မှာ တစည(၃)ဦး၊ မြို့(ခေါ်)ခမိပါတီမှ(၁)ဦး၊ ကိုးကန့်အဖွဲ့မှ(၁)ဦး၊ တသီးပုဂ္ဂလ(၁)ဦးနှင့် အဖွဲ့ချုပ်က ထုတ်ပယ်ထားသူ (၆)ဦးတို့ဖြစ်ကြောင်း သိရသည်။ ထိုညီလာခံကို အနောက်တိုင်းသံတမန်အချို့ကလည်း သပိတ်မှောက်ခဲ့ကြကြောင်း သိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလျှင် ကုလက လူသားချင်းစာနာသည့်အကူအညီများပေးမည်ဟု ရာဇာလီပြောဆို



**ကုလအထူးသံ ရာဇာလီအစ္စမေးလ်**

**မေ၊(၁၈)ရက်။ [ဒီဗွီဘီ]**

နအဖစစ်အုပ်စုက မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမည်လျှင် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာသည့် အကူအညီများပေးရန် ကုလသမဂ္ဂက အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ အထူးသံတမန် မစ္စတာရာဇာလီအစ္စမေးလ်က ကမ်းလှမ်းပြောဆိုလိုက်သည်။

စစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေးနှင့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်လာစေရေးတို့အတွက် ဆွေးနွေးလိုစိတ်ရှိပါက မြန်မာနိုင်ငံကိုလာရောက်ဆွေးနွေးနိုင်ရန် အသင့်ရှိနေကြောင်းကိုလည်း မစ္စတာရာဇာလီက ထည့်သွင်းပြောဆိုခဲ့သည်။

သို့ရာတွင် လတ်တလောအခြေအနေထက် တိုးတက်လာခြင်းမရှိပါက ကုလသမဂ္ဂအနေဖြင့် တစုံတရာလုပ်ပေးနိုင်မည် မဟုတ်ဟုလည်း ဆိုလိုက်သည်။

မစ္စတာရာဇာလီသည် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယတို့၏ ပါဝင်ကူညီဆောင်ရွက်မှုရရှိရေးကို လိုလားနေပြီး မကြာမီအသစ်ဖွဲ့စည်းမည့် အိန္ဒိယအစိုးရသစ်အနေဖြင့် မြန်မာ့အရေးကို ပိုမိုထောက်ခံအားပေးလာနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ထို့အပြင် မြန်မာ့အရေးတွင် တရုတ်တို့၏ အကူအညီရရှိစေရေးအတွက် မကြာခင်အတွင်း တရုတ်ပြည်သို့သွားရောက် မည်ဟု မလေးရှား အေဂျင်စီ သတင်းများအဆိုအရ သိရသည်။ ❖

## အမျိုးသားပြန်လည်သင့်မြတ်ရေး အလေးမထားရာရောက်

**မေ၊ (၁၇)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မပါဘဲ ကျင်းပနေသည့်အမျိုးသားညီလာခံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် စစ်အုပ်စုက အလေးမထားရာရောက်သည်ကို ဖော်ပြနေကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။



**မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာ**

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာက အာဆီယံအဖွဲ့ဝင်များက ထောက်ခံထားသည့် အမျိုးသားသင့်မြတ်ရေးလုပ်ငန်းစဉ်ကို မြန်မာစစ်အုပ်စုကလည်း အလေးအနက်ထားသင့်ကြောင်း ပြောကြားခဲ့ပြီး နအဖအနေဖြင့် နိုင်ငံတကာအလည်တွင် ဝင်ဆန့်နိုင်ရေးအတွက် မှန်မှန်ကန်ကန် ဆက်လက်လုပ်ဆောင်သွားဖို့အရေးကြီးကြောင်း တိုက်တွန်းပြောကြားလိုက်သည်။

အလားတူ မလေးရှား အတိုက်အခံပါတီခေါင်းဆောင် လင်မ်ကစ်စီယမ်က မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပစ်ရန် တောင်းဆိုသည်။ ၎င်းက နအဖ၏ ညီလာခံသည် အတုအယောင် အမျိုးသားညီလာခံသာဖြစ်သည်ဟု ဆိုခဲ့သည်။ ❖

## ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်၏ စတုတ္ထအကြိမ်မြောက်ညီလာခံ အောင်မြင်စွာကျင်းပပြီးစီး



ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို တွေ့မြင်ရစဉ်။

**မေ၊(၄)ရက်။ [ဒီဗွီဘီ]**

ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် DAB၏ စတုတ္ထအကြိမ်မြောက်ညီလာခံကြီးကို ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ဧပြီလ (၂၈)ရက်မှ (၃၀)ရက်နေ့အထိ ပြုလုပ်ခဲ့သည့် အောင်မြင်စွာကျင်းပခဲ့ပြီး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘော ဒု–ဥက္ကဋ္ဌ ဦးကျော်လှနှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာကျော်ညွန့်တို့ ဦးဆောင်သော အဖွဲ့ဝင်(၁၁)ဦးပါ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ရွေးချယ်တင်မြှောက်လိုက်ကြောင်း သိရှိရသည်။

လက်ရှိကျင်းပနေသော နအဖအမျိုးသားညီလာခံအား လက်မခံဘဲ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဆုံးဖြတ်ထားချက်များ (UN resolution) အပေါ်အခြေခံ၍ ဒီမိုကရေစီနှင့် (ဖက်ဒရယ်ပြည်ထောင်စုစနစ်) Federation ဘက်ကို ဦးတည်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတရပ်ဖြစ်ပေါ်လာစေရေးအတွက် အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်လာစေရေးကို ရပ်တည်ကြိုးပမ်းသွားမည်ဟု DAB ညီလာခံက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။။

(၁၉၇၉) ခုနှစ် DAB စတင်ဖွဲ့စည်းစဉ်ကတည်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူ ဗိုလ်ချုပ်ကြီး စောဘိုမြမှာ ကျန်းမာရေးအခြေအနေအရ DAB အလုပ်အမှုဆောင် အဖွဲ့၏နာယကကြီးအဖြစ် ပြောင်းလဲတာဝန်ယူခဲ့ကြောင်းသိရှိရသည်။ ❖

## နအဖ ညီလာခံအပေါ် ရှမ်းပြည်တပ်မတော်နှင့် ကျောင်းသားတပ်ဦးတို့အမြင်

**မေ(၁၇)ရက်။**

ယခုကျင်းပလျက်ရှိသော ညီလာခံသည် အမျိုးသားညီလာခံ မဟုတ်၊ နအဖ ညီလာခံသာဖြစ်သောကြောင့် စစ်မှန်သောတိုင်းပြည်ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်မည့် အခြေခံမူများ ဆွေးနွေးနိုင်မည် မဟုတ်သဖြင့် ပြည်သူ့အကျိုးမပြုသောညီလာခံသာဖြစ်ကြောင်း ရှမ်းပြည်နယ်ပြောခွင့်ရ နန်ခေးဘိုင်က ဒီဗွီဘီကို ပြောကြားခဲ့သည်။

အလားတူ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးမှ အထွေထွေအတွင်းရေးမှူး ကိုကျော်ကိုက နအဖမှ ကျင်းပနေသော ညီလာခံသည်တိုင်းပြည် ပြဿနာများကို မဖြေရှင်းနိုင်ရုံသာမက စစ်အာဏာရှင်သက်ဆိုးရှည်ရေးသို့ ဦးတည်လုပ်ဆောင်နေသောကြောင့် အလုံးစုံပျက်သုဉ်းရေးသို့ တွန်းပို့နေသည်ဟု ဆိုသည်။

ဆက်လက်ပြီး ၎င်းက စစ်မှန်သောကိုယ်စားလှယ်များပါဝင်ခြင်း မရှိသော ညီလာခံမှ နိုင်ငံရေးအရတွေ့ဆုံ ဆွေးနွေးအဖြေရှာနိုင်မည် မဟုတ်သဖြင့် နိုင်ငံရေးအင်အားစု အသီးသီးမှ ဝိုင်းဝန်းတိုက်ဖျက်ကြရန် တာဝန်ရှိသလို တိုင်းပြည်၏ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် တကယ့်စစ်မှန်သော အမျိုးသားညီလာခံ တခု ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းသွားကြရန်လည်း လိုအပ်ကြောင်းတိုက်တွန်း ပြောကြားခဲ့သည်။

❖

## နအဖ၏ အတုအယောင် ညီလာခံ လက်သင့်ရာ အလိုကျ ကိုယ်စားလှယ်များနှင့် စတင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ သပိတ်မှောက်ထားသော အမျိုးသားညီလာခံကို စစ်အုပ်စုက ၎င်းတို့ရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံအချက်(၇)ချက်၏ ပထမအဆင့်အရ ယခုလ(၁၇)ရက်နေ့တွင် ရန်ကုန်မြို့မှ မိုင် ၂၀ ကျော်အကွာရှိ မှော်ဘီ ညောင်နှစ်ပင်ကွင်းတွင် စတင်ကျင်းပခဲ့သည်။

ထိုညီလာခံသို့တက်ရောက်ရန် အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့နှင့် လက်နက်ချအဖွဲ့ စုစုပေါင်း (၂၈)ဖွဲ့မှ ကိုယ်စားလှယ်များ အပါအဝင် အခြားအစုအဖွဲ့ (၇)ဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁,၀၈၈)ဦးကို စစ်အုပ်စုက ဖိတ်ကြားခဲ့သည်။

ညီလာခံတက်ရောက်နေသည့် အစုအဖွဲ့ (၈)ဖွဲ့တို့မှာ နိုင်ငံရေးပါတီ (၇)ပါတီ၊ ကိုယ်စားလှယ် (၂၉)ဦး။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့ကိုယ်စားလှယ်များအဖွဲ့၊ ကိုယ်စားလှယ်(၁၅)ဦး၊ တိုင်းရင်းသား ကိုယ်စားလှယ်များအဖွဲ့၊ ကိုယ်စားလှယ် (၆၃၃)ဦး၊ တောင်သူလယ်သမား၊ ကိုယ်စားလှယ်(၉၃)ဦး၊ အလုပ်သမားအဖွဲ့ ကိုယ်စားလှယ် (၄၈)ဦး၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ် (၅၆)ဦး နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် (၁၀၉)ဦးနှင့် အခြားဖိတ်ကြားသင့်သူများအဖွဲ့မှ ကိုယ်စားလှယ် (၁၀၅)ဦးတို့ ဖြစ်သည်။

ညီလာခံစတင်ကျင်းပသည့်နေ့မှစ၍ မေ (၂၀)ရက်နေ့အထိ တက်ရောက်လာသည့် ကိုယ်စားလှယ်အစုအဖွဲ့များက ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ❖



နအဖညီလာခံတက်ရောက်နေသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ

## ညီလာခံ --- တဲ့

– ညီလာခံ ... တဲ့
ကလီကမာ အကြံတွေနဲ့
ပလီပလာ ပြန်ကျင်းပ
ကြားရ ကြားရ နားဝမသက်သာ။

– ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်
ငါ့လှေငါထိုး ပဲခူးရောက်ရောက်
နအဖ တို့ မျက်မှောက်ကျတော့
ငါ့မြေပုံ ငါဆွဲ ငရဲရောက်ရောက်လို့
အမောက်မာဆုံးစံချိန်တင်
စကားပုံတောင် ထပ်ထွင်စရာပေါ့
ဒါ... အမျိုးသားညီလာခံ ဆိုပါကလား။

– ညောင်နှစ်ပင်ကွင်းမှာ
အနှိပ်ခံရင်း ကာရာအိုကေ ဆိုမလား
လိုလေသေးမရှိပြင်ဆင်ထား
စားချင်ရာစား နားချင်ရာနား
ကစားချင်ကစား
ဖက်ဒရယ်စကားနဲ့
စစ်တပ်ရဲ့ဦးဆောင်အခန်း
လေသံ မသန်းဖို့ပဲ အရေးကြီး
ကိုယ်စားလှယ်တော်ကြီးများရဲ့
လုံခြုံရေးအတွက်
လေးဘက်လေးတန် ခြံခတ်ထား
၅ မျဉ်းစောင်း ၉၆ နဲ့
တံခါးပေါက်က သေနတ်ပြောင်း
မိချောင်းပြူးလေး ပြူးနေတယ်။

– ညောင်ညိုပင်စခန်းမှာ လမ်းခွဲရင်လမ်းခွဲ
ညောင်နှစ်ပင် စခန်းက
မမှောင်ခင်မြန်းကြပြီး
အနုကြမ်းစီးရေးထားတဲ့ ဖွဲ့စည်းပုံ
အရှိန်အဟုန်ပြင်းပြင်းတိုက်ဖျက်ကြ
ဒါမှ...စစ်ကျွန်ဘဝက လွတ်မြောက်နိုင်
အမိနိုင်ငံအတွက်တာဝန်ကျေ
သမိုင်းကျက်သရေရှိလိမ့်မယ်။

– ပူးသတ် ပူးသတ်နဲ့
ထူးခတ်ခံနိုင်တဲ့ဆင်တွေလည်း
အမှောင်ထဲကလွတ်မြောက်ရေး
ရာဇဝင်သွေးကိုပြသရန်
သမိုင်းတခေတ်အချိန်တန်ပေါ့
ညီလာခံဆိုတဲ့
အတုအယောင်ဆိုင်းဘုတ်ဟောင်း
ရေပုပ်မြောင်းထဲ ခွာချလော့ ။ ။

**ဝင်းတင့်ထွန်း**
၁၇ • ၅ •၂၀၀၄

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ညီလာခံတက်ရန် နအဖကြိုးပမ်းသင့်ဟု ကချင်အဖွဲ့ ၂ ဖွဲ့တောင်းဆို

မေ၊ (၂၀)ရက်။

(၁၉၉၀) ခု ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြန်လည်ညှိနှိုင်း၍ နိုင်ငံရေးအင်အားစုများ အားလုံး ညီလာခံတက်ခွင့်ရရန် ကြိုးပမ်းပေးစေလိုကြောင်း ညီလာခံတက်ခွင့်ရ ကချင်တိုင်းရင်းသား အဖွဲ့အစည်းနှစ်ရပ်က နအဖစစ်အုပ်စုထံ ညီလာခံစတင်မည့်နေ့တွင် စာရေးတောင်းဆို လိုက်သည်။

ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် ဒီမိုကရေစီသစ်တပ်မတော် (ကချင်) NDKA တို့က ယခုလိုတောင်းဆိုခဲ့ခြင်းဖြစ်ပြီး အပစ်အခတ်ရပ်စဲထားသည့် အခြားအဖွဲ့ (၆)ဖွဲ့တို့ကလည်း မေ(၁၁)ရက်နေ့တွင် ညီလာခံတွင် ဒီမိုကရေစီကျင့်ထုံးအရ လွတ်လပ်စွာဆွေးနွေးတင်ပြခွင့်ရရန် အပါအဝင် အချက် (၈) ချက်ကို စစ်အုပ်စုထံ တောင်းဆိုခဲ့သည်။

သို့ရာတွင် စစ်အုပ်စုက အမျိုးသားညီလာခံတွင် အဖွဲ့ချုပ်မပါဝင်သော်လည်း အောင်မြင်အောင် ဆက်လက်ကျင်းပသွားမည်ဟု ကြေညာခဲ့သည်။ ❖

## ညီလာတက် မွန်ပြည်သစ်ပါတီအား ပြည်တွင်းပြည်ပရှိ မွန်ခေါင်းဆောင်များကန့်ကွက်

မေ(၁၉)ရက်။

ပြည်တွင်းပြည်ပရှိ မွန်အမျိုးသားအဖွဲ့အစည်း (၈)ဖွဲ့မှ ခေါင်းဆောင်များစုပေါင်း၍ မေ(၁၇)ရက် တနင်္လာနေ့ကထိုင်းနိုင်ငံစံခပူရီမြို့၌ အထူးအစည်းအဝေးတရပ် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးသို့ ပြည်တွင်းရှိ မွန်ခေါင်းဆောင်များနှင့် ဥရောပ၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလီးယား၊ နယူးဇီလန်၊ ထိုင်းစသော ပြည်ပရောက် မွန်ခေါင်းဆောင်များတက်ရောက်ခဲ့ပြီး မွန်ပြည်သစ်ပါတီမှ နအဖ အမျိုးသားညီလာခံတက်ရောက်ခြင်းအပေါ် လုံးဝမထောက်ခံကြောင်းဆုံးဖြတ်ခဲ့သည်။

မွန်ပြည်သစ်ပါတီသည် မွန်တမျိုးသားလုံးကို ကိုယ်စားပြုမည့်အဖွဲ့အစည်း မဟုတ်သလို ယခုကျင်းပနေသော ညီလာခံအား ၎င်းတို့ပါတီ၏ အခန်းကဏ္ဍတခုအနေဖြင့် တက်ရောက်ခြင်းသာဖြစ်သည့်အတွက် ထိုအမျိုးသားညီလာခံမှ နုတ်ထွက်ရန် အမည်မဖော်လိုသူ မွန်ခေါင်းဆောင်တဦးက တောင်းဆိုလိုက်သည်။ ❖

# ဈေးသုပ်

## ရဲထွဋ်

"ကျွန်တော်တို့အဖွဲ့ကို အဓိကကူညီနေတာ မြို့ကဈေးသည်တွေပါ။ အဖွဲ့ ရန်ပုံငွေရဲ့ ကိုးဆယ်ရာခိုင်နှုန်းလောက် ဈေးက ထောက်ပံ့ပါတယ်။ တခုခု၊ ဥပမာပေါ့ဗျာ၊ နိုင်ငံရေးအခမ်းအနားတခု လုပ်စရာရှိလို့ ဈေးကိုသွားပြီး အလှူခံရင် တမူးတမတ်တယောက်တကျပ်နဲ့ စုပြီး ဝိုင်းလှူလိုက်ကြတာပဲ။ တခါမှ လက်ချည်းပြန်ရတယ် မရှိပါဘူး။ ဒါ့အပြင် ဈေးသုပ်ကလေးကို သုပ်ပြီး သွားတိုင်း ချကျွေးကြသေးတယ်။ စားကောင်းလွန်းလို့ သူတို့မေ့နေရင် ဈေးသုပ် သုပ်ကျွေးပါဦးလို့ ပြောရတယ်။ အိမ်မှာသူတို့ သုပ်သလို လက်ဖက်သုပ်ကို လိုက်တုပြီး သုပ်။ သူတို့ သုပ်သလိုကို မကောင်းဘူး"လို့ မြေလတ်ပိုင်းမြို့တမြို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်တဦးက ကျွန်တော့်ကို ရှင်းပြပါတယ်။

'ဈေးသုပ်'ဆိုတဲ့ဝေါဟာရ ကျွန်တော်မကြားဖူးတော့၊ 'ဈေးသုပ်'ဆိုတာ ဘာလဲ အမလို့ အမလို ချစ်ခင်လေးစားရတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ဇနီးကို မေးမိပါတယ်။ အင်မတန်မှလည်း စိတ်ဝင်စားမိတယ်။ မြန်မာတယောက်ဖြစ်ရက်နဲ့ လူထုကြားထဲက မြန်မာဝေါဟာရကို မသိရကောင်းလားလို့ တပိုင်ထဲမှာပဲ ကိုယ့်ကိုယ်ကို ပြစ်တင်မိပါသေးတယ်။

နေ့လည်နေ့ခင်းမှာ ဈေးသူဈေးသားတွေက ဈေးသုပ် သုပ်စားလေ့ရှိကြပါတယ်။ ဈေးသုပ်ဖို့ တဦးဦးက စတင်လှုံ့ဆော်ပါတယ်။ အခု ခေတ်စားနေတဲ့ နိုင်ငံရေးဝေါဟာရနဲ့ဆိုရင် အင်နီရှီရေးတစ် (initiative) ယူတယ်ပေါ့။ ဇလုံကြီး ကြီးတလုံးနဲ့ ဟိုလက်ဖက်ဆိုင်က လက်ဖက် နည်းနည်း၊ ဒီလက်ဖက်ဆိုင်က အကြော် နည်းနည်း၊ ဟိုဆီဆိုင်က ဆီတဇွန်း၊ ဒီ ဆီဆိုင်က ဆီတဇွန်း၊ ပုဇွန်ခြောက်ဆိုလဲ ဟိုနည်းနည်း၊ ဒီနည်းနည်း၊ အခြားသင့်တော်ရာ ခရမ်းချဉ်သီး လေးငါးလုံး၊ ဂေါ်ဖီနည်းနည်း၊ ငရုပ်သီး သုံးလေးတောင့်၊ အချိုမှုန့်ကအစ ဆား အပါအဝင်၊ ငံပြာရည်လေး နည်းနည်း ထည့်ချင်တယ်ဆိုရင် ငံပြည်ရည်ဆိုင်ကပေါ့၊ စုဆောင်း စပ်ပေါင်းပြီး အမယ်ဗရပွနဲ့ ရောသုတ်တဲ့ လက်ဖက်သုပ်ကို ဈေးသုပ်လို့ ခေါ်ကြောင်း အမက စိတ်ရှည်လက်ရှည်ရှင်းပြပါတယ်။ ရေနွေးသောက်ဖို့ လက်ဖက်ခြောက်က အစ၊ လက်ဖက်ခြောက်ဆိုင်က ကောင်းပေ့ ညွှန့်ပေ့ဆိုတဲ့ အစကို တခါခတ်ကတော့ ဆိုင်ရှင်က ကြည်ကြည်ဖြူဖြူ ပေးပါတယ်။ ဘယ်ဆိုင်မှ ဘယ်သူကမှ ဈေးသုပ်အတွက် နှမြောတာ၊ တွန့်တိုတာ၊ လက်တွန့်နေတာမျိုး၊ ငြူစူတာမျိုး မရှိပါဘူးတဲ့။

ဈေးသုပ်အကြောင်းသိရတော့ အင်မတန်မှ ကြည်နူးရပါတယ်။ ဒီလိုမျိုး ချစ်စရာစရိုက်ကလေးတွေကို တို့လူမျိုးက ဘိုးစဉ်ဘောင်ဆက် အမွေခံပြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ်လာကြတာပါလားလို့ ဂုဏ်တက်ရပါတယ်။ ဈေးသုပ်ရဲ့ ထူးခြားချက်ဂုဏ်အင် သတ္တိကလေးတွေကို ဒီလို တွေးမိပါတယ်။

လက်ဖက် ဈေးသုပ်တပွဲရလာဖို့ ဈေးသူဈေးသားများရဲ့ ဝါယမစိုက်ထုတ်မှု၊ ပါဝင်ပူးပေါင်းမှုဟာ အင်မတန်မှ အရေးပါပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ပါဝင်ဆောင်ရွက်မှုဟာ ကျွဲကူးရင်ရေပါသလို ပေါ့ပေါ့ပါးပါး၊ သက်သက်သာသာနဲ့ လုပ်ဆောင်တာမျိုးပါ။ ဆီတဇွန်း၊ ကြက်သွန်ဖြူတဥ၊ ခရမ်းချဉ်သီးတလုံးဆိုတာ ဈေးသည်ရဲ့ အမြတ်ငွေကို မထိခိုက်ပါဘူး။ ပေးလှူရတာပဲဆိုတဲ့ ကုသိုလ်စိတ်နဲ့မို့ ကြည်နူးမှုတောင် ဖြစ်ပါသေးတယ်။

ယူနစ်တွေဖွဲ့ပြီး ဆုံးဖြတ်ချက်တွေ မချတတ်ကြပေမယ့် ဈေးသူဈေးသားတွေက လက်တွေ့ အင်မတန်ကျပါတယ်။ ဈေးသုပ်ဝိုင်းက ရလာတဲ့ အတင်းအဖျင်း အပါအဝင် သတင်းတွေအပေါ်မှာ သူတို့လုပ်နိုင်တာလေးတွေ ဝိုင်းလုပ်ကြတာပဲ။ ဆေးရုံလူမမာ မေးသွားတာတို့၊ နာရေးလိုက်ပို့တာတို့ဆိုတာ လုပ်ရိုးလုပ်စဉ်တွေပါပဲ။

ဈေးသုပ်ဟာ မျိုးစေ့မှန်တော့ ပင်သန်ပါတယ်။ သန္ဓေကောင်းလို့ အသီးအပွင့်လည်း ဖြစ်ထွန်းပါတယ်။ အားလုံး တနိုင်တပိုင်ပါဝင်လုပ်ဆောင်ပြီး အားလုံးဝိုင်းဝန်းစားသုံးကြ ဖောက်သည်ချကြ၊ ကိုဖီအာနန်အကြောင်းလည်းပါရဲ့။ ထပ်ဆင်သတင်းလည်း ပါ၊ တခါတလေတော့လည်း အီရတ်ကို အမေရိကန် ဝင်တိုက်တာ မှန်မမှန် ငြင်းကြခုန်ကြနဲ့ ဈေးသုပ်ဝိုင်းကလေးက အင်မတန် စည်ပါတယ်။ မတူညီ တာတွေရှိပေမယ့် တူတာတွေ ညီလာပြီး ခွန်အားသစ်တရပ် ဖြစ်စေတာကတော့ ငြင်းမရပါ။

ဈေးသုပ်သုပ်ဖို့ စတင်ဆော်ဩသူကတော့ ဒူးထောင် ပေါင်ကားပြီး ဆေးပေါ့လိပ်ကြီးတဖွာဖွာနဲ့နေတတ်တဲ့ အသက် လေးဆယ်ကျော် ငါးဆယ်နီးပါး အမျိုးသမီးကြီး တယောက် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သူက စကားတွေ ဖောင်လောက်အောင်ပြောလေ့ရှိတဲ့ ဝသီ ရှိကောင်းရှိနေမှာပါ။ ဇလုံထဲမှာ လက်ဖက်နဲ့ အမယ်မျိုးစုံ ရောထားတဲ့

> "လူထုရဲ့ ဈေးသုပ်စိတ်ဓာတ်ကို အခုလို တမျိုးသားလုံးအတွက် အရေးကြီးနေတဲ့ကာလမျိုးမှာ အကျိုးရှိရှိ အသုံးပြုခွင့်ပေးမယ်၊ လူထုလိုက်ပါပြီး၊ လူထုလိုလားတဲ့ ဈေးသုပ်ပုံသုပ်နည်းကို ဗျူဟာမြောက် ကျင့်သုံးနိုင်မယ်ဆိုရင်တော့ မဝေးတဲ့ကာလမှာ အရုဏ်တက်ရောင်နီကို တွေ့ရမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်"

အညာရဲ့ နွေနေ့လည်တွေက ပူပြီး အိုက်ပါတယ်။ အဲ့ဒီလိုမျိုးမှာ ဈေးဝယ်ကလည်း ပါးတတ်တယ်။ ဈေးသုပ်ကို ဇလုံကြီးကြီးနဲ့သုပ်ပြီးပြီဆိုရင် အဲ့ဒီနေရာကို ဈေးသူဈေး သားတွေ ဝိုင်းလာကြရော။ ရေနွေးကို တရှူး ရှူးမှုတ်သောက်လိုက်၊ လက်ဖက်ကို ခတ်စားလိုက်၊ ဟိုအကြောင်း ဒီအကြောင်း တောအကြောင်း တောင်အကြောင်း ပြောလိုက်ကြနဲ့ လူ လေး၊ ငါး၊ ဆယ်ယောက်ထက်မနည်းပါတဲ့ လက်ဖက်ဝိုင်းလေးဟာ အင်မတန် ပျော်စရာကောင်းမှာပဲလို့ တွေးကြည့်တာကကို ပျော်စရာ ကောင်းပါတယ်။ အစားအစာကို လူများများနဲ့အတူစားလေ့ရှိသူများ ဒီအရသာကို ကောင်းကောင်းသိပါတယ်။ လက်ချင်းဆုံလိုက်၊ လူချင်းတိုးလိုက်နဲ့ ပြောစရာစကားတွေကလည်း ဆီလိုအပေါက်ရှာပြီး ပေါ်လာတာပဲ။ လက်ဘက်စားလို့ ချဉ်ငန်စိမ့်ပြီး စပ်ရှရှ အရသာလေးပေါ်နေတုန်းရေ နွေးပူပူခါးခါးလေးနဲ့ ခံတွင်းရှင်းလိုက်ရရင် အင်မတန်မှ ကျေနပ်ပီတိဂွမ်းဆီထိရပါတယ်။ နတ်သုဓာနဲ့ မလဲနိုင်ပါ။ ချွေးလေး တစိုစိုရလာပြီး ပူလောင်အိုက်စပ်တဲ့ ဝေဒနာတွေပျောက်ပြီး ကာယသုခတမျိုးပေါ်လာတာမို့ အင်မတန်နေလို့ ကောင်းပါတယ်။

ဒီလို ဈေးသုပ်ဝိုင်းမျိုးကနေ ယနေ့ ဘယ်သူ မင်္ဂလာဆောင်၊ ဘယ်သူတော့ဆေးရုံရောက်နေရှာပြီ၊ ဘယ်သူ့သမီးလေးတော့ ပညာတော်ရက်နဲ့ ကျောင်းဆက်မတက်နိုင်ရှာဘူး စတဲ့ သတင်းတွေ ဖလှယ်ကြပါသေးတယ်။ နိုင်ငံရေးသမားတွေလို ဆဲလ်တွေ၊ တာပါပဲ။ အရင်း မပါဝင်နိုင်တဲ့ ငပိသည်တောင် ဈေးသုပ်ဝိုင်းမှာပါလာရင် ဘယ်သူမှ မငြူစူကြပါ။ တကယ်လို့ ရှောက်သီးသုပ် သုပ်စားကြမယ်ဆိုရင် ငပိသည်က အရေးပါတယ်ဆိုတာ ဈေးသူဈေးသားတွေက ဖွင့်မပြောကြပေမယ့် သိကြပါတယ်။ ဈေးသုပ်ဝိုင်းလေးကရတဲ့ ညီညွတ်မှု၊ ခွန်အားနဲ့ ပေါင်းစည်းမှုတွေဟာ မကုန်မခမ်းနိုင်တဲ့ အကျိုးစီးပွားများကို ရှေ့ရှုနေပါတယ်ဆိုရင် ပိုလွန်းလှတယ်၊ ချဲ့ကားလွန်းတယ်လို့များ ထင်သူရှိနိုင်ပါတယ်။ မပိုပါဘူး၊ လိုလို့တောင်နေပါသေးတယ်၊ စကားလုံးရှာမတွေ့လို့ ဒီထက်ပိုပြီးပြောတတ်ရင် ပြောချင်ပါသေးတယ်လို့ တွေးမိပါတယ်။ သိသာတဲ့အချက်တချက်ကတော့ ဒီဈေးသုပ်ဝိုင်းလေးတွေဟာ အဲန်အယ်လ်ဒီအဖွဲ့တွေရဲ့ အဓိက ထောက်ပံ့ရာ၊ မှီခိုရာဖြစ်လာတာပါပဲ။ ငွေကြေးအရတင် မကဘူး။ စည်းရုံးရေးမှာပါ တက်တက်ကြွကြွ ပါဝင်ကြပါတယ်။ 'နက်ဖြန်ကျရင် ဒေါ်စု လာမယ်တဲ့၊ ဒို့အားလုံး သွားကြိုကြရအောင်၊ ပင်နီအင်္ကျီရင်ဖုံးချုပ်ထားတာ ခုထိ မပြီးသေးဘူး၊ ဆိုင်ကို သွားလောဦးမှပဲ' ဆိုတာမျိုး၊ 'နက်ဖြန်တရက်တော့ ဈေးပိတ်ပါ အေ၊ ဗိုလ်ချုပ်သမီးလေး သနားပါတယ်၊ သူ့ခမျာ သားတကွဲ လင်တကွဲနဲ့ ထောင်ကျကျ တန်းကျကျ လုပ်ရှာတယ်'ဆိုတာမျိုး၊ 'မစုကို နန်းကြီးသုပ်ကလေး ကျွေးချင်လိုက်တာ၊ သူ စားဖူးချင်မှ စားဖူးမယ်၊ ဒို့ ဝိုင်းချက်ကြရအောင်၊ သိပ်မကုန်ပါဘူးဟာ' ဆိုတာမျိုး။ ယောကျ်ားတွေကလည်း ဘီဘီစီ၊ ဗွီအိုအေနဲ့ ဒီဗွီဘီက သတင်းတွေ ဖလှယ်ကြ၊ ဈေးသုပ်ကို သူ့လက်ကြီးနဲ့ ပယ်ပယ်နယ်နယ်နယ်ပြီး အသင့်ကြိုထားတဲ့ရေနွေးကို လက်ဖက်ခြောက်လေး၊ လေးလေးခပ်၊ ဘယ်သူရေ ဘယ်ဝါရေ လာကြဟေ့၊ ဈေးသုပ်စားရအောင်လို့ အသံကျယ်ကြီးနဲ့ အော် ခေါ်လေ့ရှိတတ်ပါတယ်။ လူတွေ ဝိုင်းလာပြီး လက်ဘက်တဇွန်း၊ ရေနွေးတကြိုက် သောက်နေကြပြီဆိုရင် သူ့မျက်လုံးတွေက ပျော်ရွှင်မှုအပြည့်နဲ့ ရွှန်းစိုတောက်ပနေပါတယ်။ လက်ဘက်သုပ်ကို နှိုက်မစား၊ ရေနွေးခွက်ကိုလည်း အခြားသူတွေကို ဦးစားပေးပြီး ဆေးပေါ့လိပ်ကြီး တဖွာဖွာနဲ့ နေလေ့ရှိပေမယ့် သူ သုပ်ထားတဲ့ ဈေးသုပ်သိပ်ကောင်းကြောင်း ချီးမွမ်းသံကြားရင် သနပ်ခါးဘဲကြားလူထားတဲ့ ပါးအစုံဟာ ပိုပြီး ဘေးကိုကားထွက်လာပါတော့တယ်။ လက်ဖက်မစားဘဲ ပီတိကို စားသူပါ။

ဒီကနေ့ ခေတ်စားနေတဲ့၊ အများက မြိန်ရည်ယှက်ရည် ပြောဆိုသုံးနှုန်းနေတဲ့ ဝေါဟာရတွေထဲမှာ လူစုလူဖွဲ့တည်ဆောက်ရေး (Community Building) ဆိုတဲ့ စကားရပ်က တော်တော် ရေပန်းစားပါတယ်၊ ကျွန်တော်တို့ နိုင်ငံသားတွေမှာ ဒီလို ယဉ်ကျေးမှုမရှိဘူး၊ ဒါကြောင့် အနောက်တိုင်းနည်းနာတွေနဲ့ အနောက်ပုံစံယူပြီး တည်ဆောက်ရမယ်လို့ ပြောလာသူ ပညာရှင်တချို့ ရှိပါတယ်။ ဒါပေမယ့် လူမှုတည်ဆောက်မှုဆိုတဲ့ အတတ်ပညာဟာ မြန်မာတွေရဲ့ ဝမ်းတွင်း ဗီဇကျွမ်းကျင်မှုလို့ ကျွန်တော်ကတော့ ယူဆပါတယ်။ ရပ်ကွက်ထဲ ကျေးရွာထဲက သာရေးနာရေးကိစ္စတွေမှာ မတတ်မကြွ ရှိတတ်တဲ့သူဟာ သူ့မှာ အရေးကိစ္စပေါ်လာရင် ကျန်သူများက ဝိုင်းပယ်ဒဏ်ခတ်တာ ခံရလေ့ရှိပါတယ်။ ဒါကြောင့် ဝိုင်းလုပ်ဝိုင်းစားစိတ်ဓာတ်ဟာ မြန်မာမှုနဲ့ သီးခြားမဟုတ်ပါ။ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ ဓလေ့ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးသမားတွေ၊ ပညာရှင်တွေက မြန်မာတွေရဲ့ တွေးမှုခေါ်မှုပုံစံ၊ ဓလေ့စရိုက်တွေအပေါ်မူတည်ပြီး သူတို့ရဲ့နိုင်ငံရေး ရည်မှန်းချက်များ ပေါက်မြောက်အောင် ကနေ့ကာလ အခြေအနေများနဲ့ ဟန်ချက်ညီ ပေါင်းစပ်နိုင်မယ်ဆိုရင် တနည်းအားဖြင့် ဈေးသုပ် သုပ်ဖို့ ဆော်ဩသူ အမျိုးသမီးကြီးရဲ့ စိတ်တည်မှုသဏ္ဍာန် (Mind Set) လုပ်ဟန်နဲ့ အမူအကျင့်တွေကို အတုယူပြီး လူထုရဲ့ ဈေးသုပ်စိတ်ဓာတ်ကို အခုလို တမျိုးသားလုံးအတွက် အရေးကြီးနေတဲ့ကာလမျိုးမှာ အကျိုးရှိရှိ အသုံးပြုခွင့်ပေးမယ်၊ လူထုလိုက်ပါပြီး၊ လူထုလိုလားတဲ့ ဈေးသုပ် သုပ်ပုံသုပ်နည်းကို ဗျူဟာမြောက် ကျင့်သုံးနိုင်မယ်ဆိုရင်တော့ မဝေးတဲ့ကာလမှာ အရုဏ်တက်ရောင်နီကို တွေ့ရမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ကနေ့ကာလ ဒီမိုကရေစီရေး ဦးဆောင်လှုပ်ရှားသူများဟာ ဈေးသုပ် ဖော်မြူလာကို ဖော်စပ်နိုင်တဲ့ သမားတော်ကြီးများဖြစ်လာဖို့ မကြိုးစားဘဲ တကိုယ်တော် ဝမ်းမန်းမ်ရှိုး (One Man Show) လုပ်နေကြပြီး ပါတီစွဲ၊ ဂိုဏ်းဂဏစွဲတွေနဲ့ ပေါင်မုန့် ထောပတ်သုပ်ဖော်မြူလာကိုသာ အထင်ကြီး နေမယ်ဆိုရင်တော့ ....။

❖

## မြန်မာ့အရေး နှင့် လုံခြုံရေးကောင်စီ



"လုံခြုံရေးကောင်စီက ကြားဝင်ဖြေရှင်းတယ်ဆိုတာဟာ ကျနော်တို့ အိမ်နီးချင်းနိုင်ငံထဲမှာ အရှေ့တီမောကိစ္စဟာ နမူနာပါပဲ။ တကယ့်အရေးပေါ်အခြေအနေဖြစ်လာတဲ့အခါကျတော့မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြားဝင်ဆောင်ရွက်တဲ့ အနေအထားတွေရှိတယ်ဆိုတာကို တွေ့ရတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့မြင်တာက ဗမာပြည်နိုင်ငံရေးပြဿနာကို ဖြေရှင်းတဲ့နေရာမှာ တဖက်ကကုလသမဂ္ဂရဲ့ ကြားဝင်ဆောင်ရွက်မှုကို အတိုင်းအတာတခုအားဖြင့် အားကိုးဖို့လိုအပ်ပေမယ့် တဖက်မှာလည်း ကိုယ့်နိုင်ငံရေးကိစ္စကို ကိုယ့်ဖာသာကိုယ်တတ်နိုင်သလောက် အားထုတ်ဖို့တော့ လိုလိမ့်မယ်"

**ဒေါက်တာသောင်းထွန်း**
**အမျိုးသားညွန့်ပေါင်းအစိုးရ**
**ကုလဆိုင်ရာ ကိုယ်စားလှယ်**

## ကမ္ဘာ့သတင်းစာ လွတ်လပ်ခွင့်နေ့

# နိုင်ငံရေးလွတ်လပ်ခွင့်မရှိဘဲ စာနယ်ဇင်းလွတ်လပ်ခွင့်မရှိနိုင်

## သတင်းစာလွတ်လပ်ခွင့်မရှိဆုံးနိုင်ငံများတွင် မြန်မာပါဝင်



ဝါရင့်သတင်းစာဆရာကြီး
လူထုစိန်ဝင်း

မေ၊(၃)ရက်။

အာရှတိုက်ရှိ စာနယ်ဇင်း လွတ်လပ်ခွင့် အဆိုးဝါးဆုံး ၂ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်ကြောင်း အမေရိကန်အခြေစိုက် သတင်းစာလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့ (Freedom House) က ပြောဆိုသည်။ မေလ (၃) ရက် ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်နေ့အဖြစ် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြခြင်းဖြစ်ပြီး မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံတို့တွင် သတင်းစာလွတ်လပ်ခွင့် လုံးဝ မရှိဟု ဆိုခဲ့သည်။

ပြင်သစ်အခြေစိုက် RSF ခေါ် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့မှ အာရှ–ပစိဖိတ်ဒေသရေးရာတာဝန်ခံ ဗင်းဆင့်ဘရိုဆယ်ကလည်း နအဖစစ်အုပ်စုသည် ပြီးခဲ့သည့် မေ ၃၀ ဒီပဲယင်း အရေးအခင်းဖြစ်ပွားပြီးနောက် သတင်းသမားများအပေါ် ပိုမိုတင်းကျပ်ထားကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် ဓာတ်ပုံမှတ်တမ်းသမားကိုခင်မောင်ဦးသည် စစ်အုပ်စု၏ပယောဂကြောင့် သေဆုံးခဲ့ရသည်ဟု ဆိုခဲ့သည်။

ထို့ပြင် အားကစားဂျာနယ် အယ်ဒီတာဇော်သက်ထွေးကို ခိုင်မာသည့်သက်သေပြချက်မရှိဘဲ နိုင်ငံတော်လှုပ်ကြံမှုနှင့် သေဒဏ်အပြစ်ပေးခဲ့ခြင်းမှာ မြန်မာစာနယ်ဇင်းသမားများ၏ဆိုးဝါးသည့် အခြေအနေကို ဖော်ပြရာရောက်ကြောင်းဆိုခဲ့သည်။

ဝါရင့်သတင်းစာဆရာကြီး လူထုဦးစိန်ဝင်းက “ကျနော်တို့နိုင်ငံမှာက ခုချိန်ထိ နိုင်ငံရေး လွတ်လပ်ခွင့် ဒီမိုကရေစီဟာ မရှိသေးပါဘူး။ ခုမှ ဒီမိုကရေစီကိုဖော်ဆောင်ဖို့ ကြိုးစားဆဲ အဆင့်ပဲဖြစ်တယ်။ ဒီမိုကရေစီ မရှိဘဲနဲ့၊ နိုင်ငံရေးလွတ်လပ်ခွင့်မရှိဘဲနဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ဆိုတာလည်းပဲ မရှိနိုင်ပါဘူး။ ဒါကြောင့် ဒီနေ့မြန်မာနိုင်ငံဟာ စာနယ်ဇင်းလွတ်လပ်ခွင့် အောက်ဆုံးအဆင့်မှာရောက်နေတယ်ဆိုတာ ကျနော်တော့ မအံ့ဩပါဘူး”ဟု ပြောဆိုသွားခဲ့သည်။

အလားတူ မြန်မာ့သတင်းသမဂ္ဂကလည်း ကြေညာချက်တစောင်ထုတ်ပြန်၍ မြန်မာနိုင်ငံတွင် သတင်းစာလွတ်လပ်ခွင့် ပိတ်ပင်မှုများရှိနေသေးသည်ဟု ဆိုခဲ့သည်။

သတင်းစာလွတ်လပ်ခွင့် စောင့်ကြည့်ရေးအဖွဲ့များ၏အဆိုအရ ကမ္ဘာ့နိုင်ငံပေါင်း (၂၂)နိုင်ငံတို့တွင် စာနယ်ဇင်းသမား (၂၀၀) ကျော်တို့ အကျဉ်းကျခံနေရပြီး မြန်မာနိုင်ငံတွင် အသက် ၇၅ နှစ်အရွယ် ဟံသာဝတီ သတင်းစာ အယ်ဒီတာ ဆရာကြီးဦးဝင်းတင် အပါအဝင် စာနယ်ဇင်းသမား ဆယ်ဂဏန်းကျော်ထောင်ဒဏ် နှစ်ရှည်ကျခံနေရကြောင်း ဖော်ပြထားသည်။ ❖

# ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသည့်စာရေးဆရာ ထောင်ဒဏ်နှစ်ရှည်ကျခံနေရ

မေ၊ (၁၁)ရက်။

‘ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ’ ဆိုသည့်စာအုပ်တွင် လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ မျိုးရိုးစဉ်ဆက်အကြောင်း ထည့်သွင်းရေးသားခဲ့သည့်အတွက် သုတေသီ စာရေးဆရာ သန်းဝင်းလှိုင်ကို အာဏာပိုင်များ ထောင်ဒဏ်နှစ်ရှည်ချမှတ်ခဲ့ကြောင်း ၎င်း၏ဇနီးအဆိုအရ သိရသည်။

ဆရာသန်းဝင်းလှိုင်ကို ပထမအကြိမ်ထုတ်ဝေပြီးဖြစ်သည့် ‘ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင်ပုဂ္ဂိုလ်ထူးများ’စာအုပ်တွင် စာမျက်နှာသစ်တိုး၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်း ထည့်သွင်းရေးသားပြီး ဒုတိယအကြိမ်ထုတ်ဝေခဲ့သည့်အတွက် အာဏာပိုင်များ (၂၀၀၀)ခုနှစ်၊ ဇွန်လကဖမ်းဆီးပြီး ပုံနှိပ်ဥပဒေပုဒ်မ (၂၀)ဖြင့် တရားစွဲကာ ထောင်(၇)နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါ ဒုတိယအကြိမ်ထုတ်ဝေသည့် စာအုပ်ကိုလည်း စာပေစိစစ်ရေးရုံးသို့ တင်ပြပြီးမှထုတ်ဝေခြင်းဖြစ်ကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်မိုးမိုးကြည်က ဒီဗွီဘီကို ယခုလိုပြောပြခဲ့သည်။ “ပထမအကြိမ် တရားဝင်ထုတ်ထားပြီးသားစာအုပ်ပါ။ ဒုတိယအကြိမ် ထုတ်ဝေတဲ့အခါမှာ စာမျက်နှာတိုးထားတဲ့ကိစ္စကို သက်ဆိုင်ရာစစ်ဆေးရေးကို တင်ပြပြီးသားပါ” ဟု ဆိုခဲ့သည်။

ယခုအခါ ဆရာသန်းဝင်းလှိုင်သည် သရက်ထောင်တွင် အကျဉ်းကျခံနေရသည့်အတွက် ပထမနှစ် တက္ကသိုလ်ကျောင်းသူတဦး အပါအဝင် ကလေးသုံးယောက်ရှိသည့် ၎င်း၏မိသားစုမှာ ခက်ခဲစွာရုန်းကန်နေရကြောင်း ဇနီးဖြစ်သူအဆိုအရ သိရသည်။ ❖

# အဖွဲ့ချုပ်နှင့်တိုင်းရင်းသား ပါတီများ မပါဝင်သည့်ညီလာခံ တရားဝင်မည်မဟုတ်ဟု အမေရိကန် ဆို



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
ဌာနပြောခွင့်ရ ရစ်ချတ်ဘောက်ချာ

မေ၊ (၂၂)ရက်။

အဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများမပါဝင်ဘဲ ညီလာခံဆက်လက်ကျင်းပနေခြင်းသည်၊ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ပြနိုင်လိမ့်မည် မဟုတ်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနကပြောဆို လိုက်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် ရစ်ချတ်ဘောင်ချာက ညီလာခံသို့ တက်ရောက်နေသူများသည် ပြည်သူလူ ထုကိုယ်စားပြုများမဟုတ်သည့်အတွက် ကျင်းပနေသည့် နအဖ၏ဂုဏ်သိက္ခာကို ပြန်ဆည်နိုင်မည် မဟုတ်ဟု ဆိုသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် တနိုင်ငံလုံးရှိအဖွဲ့ချုပ်ရုံးများ ပြန်ဖွင့်ခွင့်ပေးရန် ထပ်မံ တောင်းဆိုခဲ့သည်။

အလားတူ အိမ်ဖြူတော်ရုံးအကြီးအကဲများကလည်း အဖွဲ့ချုပ်၏နိုင်ငံရေးပါတီများ တက်ရောက်ခွင့်မပေးသည့်အပြင် လွတ်လပ်စွာ ဆွေးနွေးခွင့်မရှိသည့် ညီလာခံသည် တရားဝင်မည်မဟုတ်ဟု ကြေညာခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေအနေ တိုးတက်လာရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂအဖွဲ့ကြီးက အပြည့်အဝထောက်ခံကြရန်တိုက်တွန်းခဲ့သည်။

စောစောပိုင်း ရက်များကလည်း ကွန်ဂရက်လွှတ်တော်အမတ် မစ်ချ်မက်ကွန်နား က မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကိုင်တွယ်ဖြေရှင်းသင့်ပြီးဟု ပြောဆိုခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ပြန်လွှတ်ရန် ဗြိတိန်က ထပ်မံ တောင်းဆို



ဗြိတိန် နိုင်ငံခြားရေးရုံးဝန်ကြီး
မိုက်အိုဘရိုင်ယန်

မေ၊(၂၈)ရက်။

မေ (၃၀) ဒီပဲယင်းအကြမ်းဖက်မှု တနှစ်ပြည့်အချိန်အထိ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ပြန်လွှတ်မပေးသည့်အတွက် အထူးစိုးရိမ်မိကြောင်း ဗြိတိန်နိုင်ငံခြားရေးရုံးဝန်ကြီး မိုက်အိုဘရိုင်ယန်က ကြေညာချက်ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် အဖွဲ့ချုပ်မပါဝင်သည့် နအဖ၏ညီလာခံသည် စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မှာမဟုတ်ဟု ဝေဖန်ထားသည်။ ထို့ပြင် လွတ်လပ်ပွင့်လင်းမှုမရှိသည့် ညီလာခံသည် နှစ်ပေါင်းများစွာရှည်ကြာလှပြီဖြစ်သည့် မြန်မာပြည်၏ပြဿနာများကို ဖြေရှင်းနိုင်မှာမဟုတ်ဟု ဆိုသည်။ မိုက်အိုဘရိုင်ယန်က မြန်မာပြည်ကို ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေချင်ပါက ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ချက်ချင်းပြန်လွှတ်ပေးရမည်ဖြစ်၍ အဖွဲ့ချုပ်နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကာ ဒီမိုကရေစီဖော်ဆောင်နိုင်မည့် အခြေခံဥပဒေမျိုး ရေးဆွဲရမည်ဟု ဆိုသည်။ ထို့ကြောင့် စစ်အုပ်စုအနေဖြင့် အဖွဲ့ချုပ်နှင့့်ပတ်သက်သည့် သဘောထားများကို ပြန်လည်စဉ်းစားရန် ထပ်မံတောင်းဆိုထားသည်။ ❖

# ကလေးငယ်များအတွက် ပန်းပျိုးခင်းကလေးကဗျာ စာအုပ်နှင့် အသံသွင်းခွေထုတ်ဝေ




ကလေးများ စိတ်လက်ကြည်နူးစေရန် စိတ်ကူးစိတ်သန်းများ ထက်သန်စေရန်နှင့် မြန်မာမှုဝန်းကျင်ကို ခင်တွယ်လာစေရန် ရည်ရွယ်ပါသည်ဟုဆိုထားသော ဆရာထိန်လင်း၏ ပန်းပျိုးခင်းကလေးကဗျာများ စာအုပ်နှင့် အသံသွင်းတိတ်ခွေထုတ်ဝေခဲ့သည်။

ယခုထုတ်ဝေသည့် ကဗျာစာအုပ်သည် ထိုင်း–မြန်မာနယ်စပ် ဒေသရှိ ကလေးသူငယ်များအတွက် ရည်ရွယ်ကြောင်း စာရေးသူကပြောကြားခဲ့ပြီး ကျေးလက်ရနံ့၊ ယဉ်ကျေးမှုအငွေ့အသက်နှင့် ပျော်ရွှင်ကြည်နူးဖွယ် ပုံရိပ်ကလေးများ ထင်ဟပ် လာစေရန် ကြိုးစားရေးဖွဲ့ထားသည်ဟု ဆို သည်။

ထိုစာအုပ်တွင် ကလေးများပျော်ရွှင်စွာ သံပြိုင်ရွတ်ဆိုနိုင်သည့် ကဗျာပုဒ်ရေ(၃၀) ပါဝင်ပြီး လေးရောင်စုံပန်းချီသရုပ်ဖော်ပုံများကို ပန်းချီ ခွန်မျိုးငယ်က ရေးဆွဲထားသည်။

အသံသွင်းတိတ်ခွေတွင် TAN အဖွဲ့က ကဗျာများကို သံစဉ်ထည့်သွင်းသီကုံးပေးထားပြီး ထိုင်း–မြန်မာနယ်စပ်မှ ကလေးငယ်များက ပါဝင်သီဆိုထားသည်။

မြန်မာစာပေလောက၌ ကလေးစာပေ ရေးသားထုတ်ဝေမှုများ ရှားပါးနေချိန်တွင် ယခုလို ပြည်ပရောက် စာရေးဆရာတဦး၏ ကလေးကဗျာများစာ အုပ်ထွက်ရှိလာခြင်းအတွက် မိဘများဆရာများနှင့် ကလေးငယ်များသာမက မြန်မာမှုနယ်ပယ်ကို မြတ်နိုးကြသူများအားလုံး ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း အခမ်းအနားတက်လာသူ ကဗျာဆရာစွမ်းမြိုင်က ဂုဏ်ပြုပြောဆိုခဲ့သည်။

ထိုစာအုပ်၏ အဖွင့်စာမျက်နှာတွင်စာရေးသူက လူကြီးမိဘများနှင့်ဆရာ ဆရာမအနေဖြင့် ကဗျာပါအကြောင်းအရာလေးများကို ရှင်းပြပြောဆိုရင်း သင်ကြားပေးစေလိုကြောင်း ပန်ကြားထားသည်။

ကိုထိန်လင်းသည် ၂၀၀၂–ခုနှစ်ကလည်း ‘အာရှပုံပြင်များ’ဆိုသည့် ကလေးပုံပြင်စာအုပ်ကို ပန်းပျိုးခင်းစာပေမှပင် ထုတ်ဝေခဲ့သေးသည်။ ❖

**အတုအယောင်ညီလာခံကိုဆန့်ကျင် သုံးပွင့်ဆိုင်ဆွေးနွေးရေးကိုမြှင့်တင်**

# တဖက်အဖွဲ့ အစည်းများလိုက်နာရန် ...

ဒါမယ်

၁၉၈၉ ခု ဧပြီ(၁၇) ရက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်အင်အားစုဖြစ်တဲ့ ‘ပြည်သူ့တပ်မတော်’ထဲက ပင်မမဏ္ဍိုင်‘ဝ’လူမျိုးစုတပ်သားတွေဟာ ပုန်ကန်ထကြွပြီး တရုတ်–ဗမာနယ်စပ်မှာရှိတဲ့ ဗကပဗဟိုဌာနချုပ်ပန်ဆန်းမှာ အာဏာသိမ်းပွဲတခုကို အောင်အောင်မြင်မြင်နဲ့ အလွယ်တကူဆင်နွှဲနိုင်ခဲ့တယ်။ လအနည်းငယ်အတွင်းမှာဘဲ တိုက်ရည်ခိုက်ရည်ပြည့်ဝလှတဲ့ ဗကပတပ်အားလုံးနီးပါး ဗကပထဲက ခွဲထွက်ကုန်ကြတယ်။

ဗမာအစိုးရကို ပုန်ကန်တိုက်ခိုက်နေတဲ့ အမျိုးမျိုးအဖုံဖုံသော လက်နက်ကိုင်သူပုန်များထဲမှာ ကွန်မြူနစ်တွေဟာ စစ်အင်အားအရပဲ ကြည့်ကြည့်၊ နိုင်ငံရေးအရှိန်အဝါဂုဏ်သိက္ခာအရပဲပြောပြော အင်အားအကြီးဆုံး၊ သြဇာအရှိဆုံးဖြစ်လို့ ဗမာပြည် ပြည်တွင်းစစ်ရဲ့ ရုပ်ပုံလွှာဟာ ဘယ်လိုမှမလွှဲမရှောင်သာဘဲ ထူးခြားကြီးမားစွာ ပြောင်းလဲသွားပါတော့တယ်။ ဒီလိုနဲ့ ၁၉၈၉ ခုသကြ်ာန်ချိန်ခါ မြန်မာ့နှစ်ဆန်းက ဗမာပြည်ရဲ့ရာစုနှစ်တဝက်ကြာပြည်တွင်းစစ် တစတစနဲ့ နိဂုံးချုပ်တဲ့ ခေတ်တခေတ်ကို မွေးဖွားပေးလိုက်ပြီးနှစ်ဟောင်းကနေ နှစ်သစ်အကူးမှာ ဘဝခရီးသစ်ကိုစခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်းစစ်ပြီးဆုံးခြင်းဆိုတဲ့ ရှည်လျားလှတဲ့ ဒီဖြစ်စဉ်ဟာ ဗကပထဲက‘ဝ’တွေ ခွဲထွက်ပုန်ကန်မှုတခုထဲကြောင့် ပေါ်ပေါက်လာရတာတော့မဟုတ်ပါ။

‘ဝ’အာဏာသိမ်းမှုမဖြစ်မီ ရှစ်လအလိုမှာ၊ ကျောင်းသားတွေက ရှေးဦးပထမဆင်နွှဲခေါင်းဆောင်ခဲ့ပြီး နောက်ပိုင်းမှာလှည်းနေလှေအောင်း မြင်းစောင်းမကျန်တတိုင်းတပြည်လုံး ပါဝင်နွှဲကြတဲ့ ဒီမိုကရေစီတောင်းဆိုဆန္ဒပြအုံကြွမှုတွေ အကြီးအကျယ်ပေါက်ကွဲပေါ်ထွက်ခဲ့ရာ လပိုင်းအတွင်း သမတသုံးယောက် ပြုတ်ကျသွားခဲ့ပါတယ်။ အဲဒီ ၈လေးလုံးအုံကြွမှုကြီး ဖြစ်ပြီးနောက်မှာတော့ ဗမာပြည်ဟာ အရင်နဲ့ဘယ်လိုမှ မတူတော့ပါ။ ပြည်သူလူထုတရပ်လုံးဟာ ဒီမိုကရေစီတည်ထောင်ရေး၊ အများဆန္ဒနဲ့ရွေးကောက်တဲ့အစိုးရ ပေါ်ထွန်းရေးလမ်းကြောင်းပေါ်နောက်ပြန်မလှည့်စတမ်း ခိုင်ခိုင်မာမာ တက်လှမ်းသွားကြပြီးဖြစ်ပါတယ်။ ဒါကို ၁၉၉၀ ရွေးကောက်ပွဲက ဥပဒေကြောင်းအရ တရားဝင်အောင်နဲ့ ဘယ်လိုမှငြင်းမရအောင် အတည်ပြုပေးလိုက်ပါတယ်။

၈ လေးလုံးအုံကြွမှုနဲ့ ၁၉၈၉ ခု ဗကပတွင်း ပုန်ကန်ခွဲထွက်မှုဆိုတဲ့ အရေးအခင်းနှစ်ခုဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအတွင်းက လက်နက်ကိုင် တိုင်းရင်းသားလူမျိုးစုအဖွဲ့များရဲ့အခန်းကဏ္ဍကို လက်တွေ့အားဖြင့် အရေးမပါ ဘေးရောက်သွားစေခဲ့ပါတယ်။ ဒါကြောင့် စစ်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှစ်ဖက်စလုံး အနေနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေ ပြုလုပ်နိုင်ဖို့ အခြေအနေပေးလာ၊ ဒါမှမဟုတ် တွန်းပို့လာခဲ့ပါတယ်။ ဒါကို ထိုင်း–မြန်မာနယ် စပ်တလျှောက်က အတိုက်အခံတွေနဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေကြား ခေတ်ထလာနေတဲ့သဘောတရားသစ်တခုက ပါဝင်ပြီး ထောက်ကူအားပေးခဲ့တယ်။ ‘အကြမ်းမဖက်ရေး’ ဆိုတာဟာ လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ အတိုက်အခံတွေကြား ဖက်ရှင်ဝေါဟာရဖြစ် လာပါတော့တယ်။

> “ အကြမ်းမဖက်ရေးဆိုတာဟာ လက်နက်ကိုင်သည်ဖြစ်စေ၊
> မကိုင်သည်ဖြစ်စေ
> အတိုက်အခံတွေကြားမှာ ဖက်ရှင်ဝေါဟာရဖြစ်လာပါတယ် ”

၁၉၈၈ ကစပြီး တဟုန်ထိုးကြီးမားလာခဲ့တဲ့ ဗမာပြည်ပြည်သူလူထုရဲ့ စစ်အာဏာရှင်စနစ် ထာဝရနိဂုံးချုပ်ရေး စိတ်ဆန္ဒအင်အားကို အာဏာရစစ်တပ်ဟာ ရင်ဆိုင်တွန်းလှန်ရတော့တယ်။ ဒီလုပ်ငန်းတာဝန်ကြီးဟာ အာဏာကိုဇွတ်အတင်းဆုပ်ကိုင်ထားတဲ့ ဗိုလ်ချုပ်ကြီးများအတွက် တခြားခြိမ်းခြောက်မှုတွေထက် ပိုအန္တရာယ်ကြီး ပိုအလေးထားရတဲ့လုပ်ငန်းကြီးဖြစ်လာပါတယ်။ စစ်အာဏာရှင်တွေအတွက် အရင်တုန်းက ဒါနဲ့ယှဉ်လို့ရလောက်ခဲ့တဲ့ တခုတည်းသောကြီးကြီးမားမားခြိမ်းခြောက်မှုကတော့ (၆၀)ခုနှစ်များနှောင်းပိုင်းနဲ့ (၇၀)ခုနှစ်များအတွင်း ဗမာပြည်အရှေ့မြောက်ပိုင်းကို လက်နက်အင်အားတောင့်တင်းလှတဲ့ ကွန်မြူနစ်သူပုန်တွေ အကြီးအကျယ် ထိုးဝင်သိမ်းပိုက်လိုက်တုန်းက ဖြစ်ပါတယ်။ အဲဒီတုန်းက ဗမာစစ်အုပ်စုဟာ ဗမာပြည်အလယ်ပိုင်း လွင်ပြင်တွေကိုသာကွန်မြူနစ်တွေ ဝင်စီးနင်းခဲ့သည်ရှိသော်လို့တွက်ချက်စဉ်းစားပြီး ရော့ဝတီမြစ်အနောက်ဖက်ကမ်းမှာ နောက်ဆုံးခံစစ်စည်းပြင်ဆင်တည်ဆောက်ခဲ့တယ်။ စစ်တပ်ရဲ့အသက်သွေးကြော ကပစ (ကာကွယ်ရေးပစ္စည်းစက်ရုံ)အများစုကို ဧရာဝတီအနောက်ကမ်းသို့ ရွှေ့ပြောင်းရတဲ့အထိဖြစ်ခဲ့တယ်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းဖွံ့ဖြိုးရေးဆိုပြီး ကုလသမဂ္ဂဆီကတောင် ငွေထုတ်စားခဲ့သေးတယ်။ ဒါပေမယ့် နေဝင်းအတွက် ကံကောင်းထောက်မစွာဘဲ ကွန်မြူနစ်ထိုးစစ်ဟာ သူ့အတွင်းပိုင်းပြဿနာတွေကြောင့် အရှိန်တန့်ရလျော့ချသွားလို့ စစ်အစိုးရ သက်ဆိုးရှည်သွားခဲ့တယ်။

ဒါပေမယ့် အခုအချိန်မှာတော့ စစ်အစိုးရရဲ့ ရပ်တည်ရေးကို အဓိကခြိမ်းခြောက်မှုဟာ တောတွေတောင်တွေထဲက မလာတော့ဘဲ မြို့ပြလမ်းမတွေပေါ်က ထွက်လာတယ်။ ပထမပိုင်းမှာ ကျောင်းသားများဟာ စစ်အစိုးရရဲ့ အရေးအကြီးဆုံးရန်သူအဖြစ် ကွန်မြူနစ်တွေနေရာကို ယူလိုက်တယ်။ နောက်ပိုင်းမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ကျောင်းသားတွေနေရာကို အစားထိုး၊ ဒါမှမဟုတ် ကျောင်းသားတွေနဲ့ ပူးတွဲပေါင်းစည်းပြီး စစ်တပ်ရဲ့ တရားဝင် ‘ဦးတည်ရန်သူ’ ဖြစ်လာတယ်။ ၁၉၈၉ ဗကပ ပြိုကွဲမှုဟာ တောထဲကခြိမ်းခြောက်မှုကို ဖယ်ရှားပေးလိုက်ပြီး၊ စစ်အစိုးရအနေနဲ့ အင်အားကြီးသထက်ကြီးလာနေတဲ့ အတိုက်အခံ ဒီမိုကရေစီအဖွဲ့ကြီးကိုသာ တည့်တည့်ရင်ဆိုင်ကိုင်တွယ်နိုင်ဖို့ လွတ်လပ်သွားစေခဲ့ပါတော့တယ်။

တဖက်မှာလည်း စစ်ပန်းနေတဲ့ ယခင်ကွန်မြူနစ်တပ်တွေဟာ ဗကပ ဘဝကတည်းက လိုက်စားစွဲလမ်းခဲ့တဲ့ မူးယစ်ဆေးဝါးလုပ်ငန်းကို နိုင်ငံရေးတွေ၊ တော်လှန်ရေးတွေ ကင်းကင်းရှင်းရှင်းနဲ့ လွတ်လွတ်လပ်လပ်အားရပါးရ လုပ်ချင်နေကြတဲ့အတွက် နှစ်ဖက်စလုံးဟာ မိမိတို့ ကိုယ်ကျိုးစီးပွားတွေပေါ်အခြေခံတဲ့ အဆီတဝင်းဝင်းသဘောတူညီချက်တခုလုပ်ဖို့ အခြေအနေရင့်မှည့်နေခဲ့ကြတယ်။ ဒီလိုနဲ့ တနှစ်မပြည့်ခင် ယခင် ‘ပြည်သူ့တပ်မတော်’ရဲ့အခြေခံအင်အားစုလေးခုစလုံး တဖွဲ့ပြီးတဖွဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေ ယူသွားခဲ့ကြတယ်။ သူတို့အပြင် အရေးပါတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တခုဖြစ်တဲ့ (မူလလက်ဟောင်း) အက်စ်အက်စ်အေပါ ပါသွားလိုက်သေးတယ်။ စစ်အေးတိုက်ပွဲ အားပျော့လာချိန်မှာ တရုတ်ပြည်က အမျိုးသားဈေးကွက်စီးပွားရေးကိုသာ ဇောင်းပေးလာတဲ့အတွက် နယ်စပ်ကအဖွဲ့အစည်းတွေအပေါ် ထောက်ပို့လမ်းကြောင်းတွေ လုံးဝဖြတ်တောက်ပစ်လိုက်ခြင်းကလည်း အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်ကို ချောဆီထည့်ပေးလိုက်တယ်။

ဒီပထမဆုံး အပစ်အခတ်ရပ်စဲရေးတွေကို လူသိရှင်ကြားမလုပ်ဘဲ တိုးတိုးတိတ်တိတ်သာ လုပ်ခဲ့ပါတယ်။ အစိုးရတရားဝင် မီဒီယာမှာသဘောတူညီချက်အကြောင်း ဘာသတင်းမှမထည့်ခဲ့ပါ။ နောက်ပိုင်း အပစ်အခတ်ရပ်စဲရေးတွေမှာလို ‘တရားဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခြင်း’အခမ်းအနား အများသိကျင်းပတာလည်း မရှိခဲ့ပါ။ စစ်အစိုးရဟာ သူလှမ်းလိုက်တဲ့ ခြေလှမ်းနဲ့ပတ်သက်ပြီး စိတ်မချသေးတဲ့ပုံပါဘဲ။ ရန်သူဟောင်းတွေကို လုံးလုံးလျားလျားမယုံနိုင်သေးဘဲ ဘယ်အချိန်သေနတ်သံပြန်ပေါက်မလဲဆိုတာ စိတ်တထင့်ထင့် ဖြစ်နေသေးပုံလဲရှိတယ်။ (တပ်မ ၇၇၊ ၈၈၊ ၉၉ တို့ကို နောက်ထပ် နှစ်နှစ်လောက် အဲဒီဘက်ဆက်ထားခဲ့သေးတယ်) ဒါ့အပြင် အပစ်အခတ်ရပ်စဲရေးကြောင့် ဗိုလ်ချုပ်ကြီးများအတွက် ဘယ်လောက်အထိ အကျိုးကျေးဇူးတွေ ရှိလာနိုင်တယ်ဆိုတာကိုလဲ ကောင်းကောင်းမမြင်ရသေးလို့ ဖြစ်နိုင်ပါတယ်။ တချို့စစ်အုပ်စုဝင်တွေက ဒီလိုလုပ်တာကို သဘောမကျဘဲ အတိအလင်းစစ်တိုက်နှိမ်နင်းရေးကိုသာ ပိုအားသန်နေတဲ့အတွက်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီအတောအတွင်းမှာတော့ အခုလို အခြေအနေအရပ်ရပ်ကို ဘာမှမရိပ်မိရှာတဲ့ စေတနာရှင်တွေဟာ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် အတိုက်အခံတွေ၊ အဝေးရောက်တွေကြား ‘အကြမ်းမဲ့ နိုင်ငံရေးအံတုမှု’ အတွေးအခေါ်ကို ဆက်လက် ဖြန့်ဖြူးနေခဲ့ကြတယ်။ ဒီနယ်စပ်အခြေစိုက် အင်အားစုထဲမှာ ဗမာပြည်ရဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေကလည်း အများစုဖြစ်ပါတယ်။

> “ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်းဆိုတဲ့ စကားရပ်အသစ်နဲ့
> အစားထိုးလာပြီး အပစ်အခတ်ရပ်စဲရေး
> သဘောတူညီချက်တွေနဲ့ ခြွင်းချက်မရှိလက်နက်ချမှုတွေကို
> လုံးထွေးပစ်လိုက်တယ်။ ”

(၁၉၉၁)ခုနှစ်ဦးပိုင်းမှာ ကေအိုင်အေ (ကချင်)တပ်မဟာ ၄ နဲ့ ပီအင်အို (ပအိုဝ့်အဖြူ) အဖွဲ့တို့ အပစ်အခတ်ရပ်စဲရေးတွေ လုပ်ကြတဲ့အခါကျမှသာ စစ်အစိုးရဟာ အပစ်အခတ်ရပ်စဲရေးတွေရဲ့ ‘ကောင်းကျိုး’ တွေကို ကောင်းကောင်းသဘောပေါက်သိမြင်လာပြီး အစိုးရဝါဒဖြန့်ချိရေးထဲ စထည့်သွင်းကြော်ငြာလာပါတော့တယ်။ ဒီနှစ်ဖွဲ့ဟာ ရှေ့ပိုင်းက အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေနဲ့မတူဘဲ ‘တောင်ပိုင်း’ (ဝါ) ထိုင်း–မြန်မာနယ်စပ်အခြေစိုက် အဆက်အသွယ်တွေရှိတာဟာ ဗိုလ်ချုပ်ကြီးများကို ပိုစိတ်အားတက်စေပြီး ကျန်တဲ့ ‘တောင်ပိုင်း’ တိုင်းရင်းသားအဖွဲ့တွေကိုပါ အပစ်အခတ်ရပ်စဲရေးကုန်စည်အစွဲထုတ်ရောင်းချဖို့ အားပေးခဲ့တယ်။

ဒီ သဘောတူညီချက်နှစ်ခုကစလို့ ‘‘လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်း’’အခမ်းအနားတွေ ကျယ်ကျယ်လောင်လောင်နဲ့ ပွဲခင်းတာမလုပ်မနေရ စလုပ်လာပြီး မီဒီယာဝါဒဖြန့်စစ်ဆင်ရေး တောက်လျှောက် လုပ်တော့တယ်။ တချိန်က ကွန်မြူနစ် ခြေကုတ်ဒေသတွေမှာ ‘ငြိမ်းချမ်းရေးရောင်ခြည် စတွေ့ရ’ တဲ့နေ့လို့ အခုအခါ လေလုံးထွားနေတဲ့ ရက်စွဲတွေဟာ အဲဒီရက်ပိုင်းတွေတုံးက မီဒီယာထဲမှာရော၊ ဂဒီးဂဒီးလုပ်နေတဲ့ သတင်းစာရှင်းလင်းပွဲတွေမှာပါ ဘာတခွန်းမှထည့်မပြောခဲ့တဲ့၊ ဘာမှထူးထူးခြားခြား မလုပ်ခဲ့တဲ့ ရက်စွဲတွေဖြစ်ပါတယ်။

အခုနောက်ပိုင်း ဝါဒဖြန့်လှုပ်ရှားမှုတွေမှာတော့ နဂိုကသုံးနေတဲ့ ‘‘လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်း’’ ဆိုတဲ့စကားအသုံးအနှုန်းကို ‘‘လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်း’’ ဆိုတဲ့ စကားရပ်အသစ်နဲ့ အစားထိုးလာပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေနဲ့ ခြွင်းချက်မရှိလက်နက်ချမှုတွေကို လုံးထွေးပစ်လိုက်တယ်။ ဒီလိုနဲ့ ပီအင်အို (ပအိုဝ့်အဖြူ)၊ ကေအင်ဂျီ (ကယန်းခွဲထွက်)၊ ရခိုင်ဗကပ စတဲ့အဖွဲ့တွေအပြင်၊ သူ့ကိုယ်သူ ခွန်ဆာလို့နာမည်ပေးထားတဲ့ တရုတ်လူမျိုး ချန်ချီဖူး (ခေါ်) အိုက်ဆာခေါင်းဆောင်တဲ့ အမ်တီအေဘိန်းအဖွဲ့ကိုပါ နအဖက တရားဝင်ထုတ်ပြန်တဲ့ ‘ငြိမ်းချမ်းရေးအဖွဲ့’ (၁၇)ဖွဲ့စာရင်းထဲ ခပ်တည်တည်ထည့်ထားတယ်။ ဒီ (၁၇)ဖွဲ့ထဲမှာ တချို့အဖွဲ့တွေဟာ အနည်းဆုံးတော့ မူအားဖြင့် ကကကြည်းရဲ့ အမိန့်ပေးညွှန်ကြားမှုကို လုံးလုံးလျားလျား ခံယူထားကြပြီး ဒုကာကွယ်ရေးဦးစီးချုပ် (ကြည်း)ရဲ့အမိန့်အတိုင်း လှုပ်ရှားရ၊ စစ်တိုက်ရတယ်။ အဲဒီအဖွဲ့တွေကတော့ ကိုးကန့်အဖွဲ့၊ ကေအိုင်အေတပ်မဟာ ၄ (မထုနော်)၊ ဒီကေဘီအေ(ကရင်ခွဲထွက်)၊ ပီအင်အို(ပအို့) နဲ့ ကေအင်ဂျီ (ကယန်းခွဲထွက်)အစရှိတဲ့ အဖွဲ့တွေဖြစ်ကြတယ်။ အပစ်အခတ်ရပ်စဲရေးရခါစကာလတွေတုန်းက ကိုးကန့်အဖွဲ့ဟာ ကေအိုင်အေကိုတိုက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အခြားတိုင်းရင်းသားအဖွဲ့တွေနဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေကို ရှောင်ခဲ့တယ်။ ပီအင်အိုကတော့ ရလလဖ (ပအို့အနီ) အပစ်အခတ်ရပ်စဲရေးမလုပ်ခင်နဲ့ အမ်တီအေလက်နက်မချခင် ကာလတွေတုန်းက အဲဒီအဖွဲ့တွေကိုတိုက်ခဲ့ပြီး အခုထိလည်း ကကကြည်း ညွှန်ကြားချက်အတိုင်း နေရင်းနယ်မြေနဲ့ အဝေးကြီးကိုသွားပြီး နောက်တိုးအက်စ်အက်စ်အေ(တောင်ပိုင်း)ကို တိုက်နေရသေးတယ်။ ဒီကေဘီအေဟာ ကေအင်ယူနဲ့ တိုက်နေဆဲဖြစ်သလို ကလလတကလည်း ကေအင်ပီပီကို စစ်ဆင်နေဆဲဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည် ❍

# ကေအဲန်ယူ(၁၃)ကြိမ်မြောက်ကွန်ဂရက် တနှစ်ရွှေ့ဆိုင်း ဗဟိုကော်မတီအစည်းအဝေးအောင်မြင်စွာကျင်းပ



ကေအဲန်ယူဗဟိုကော်မတီဝင်များအား အစည်းအဝေးအပြီးတွေ့မြင်ရစဉ်

မေလ (၁၇)နေ့မှ (၂၅)ရက်နေ့အထိ ကျင်းပခဲ့သော ကေအဲန်ယူဗဟိုကော်မတီ အစည်းအဝေးမှနေ၍ (၁၃)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်ကို တနှစ်ရွှေ့ဆိုင်း လိုက်ကြောင်း ဆုံးဖြတ်လိုက်သည်ဟု သိရသည်။

ထိုသို့ဆုံးဖြတ်လိုက်ခြင်းမှာ ကေအဲန်ယူ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဘိုမြ၏ ကျန်းမာရေးအခြေအနေအရ ယခုလို ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် ပြီးခဲ့သည့်လအတွင်း နအဖ တပ်ဖွဲ့များနှင့် တိုက်ပွဲပေါင်း (၃၁)ကြိမ် ဖြစ်ပွားပြီး နှစ်ဖက်အကျအဆုံးများရှိနေခဲ ဖြစ်သော်လည်း အပစ်အခတ်ရပ်စဲရေးကိစ္စကို မိမိ၏ရပ်တည်ချက်များအပေါ်အခြေခံ၍ ဆက်လက်ဆွေးနွေးသွားမည်ဟု ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ ဆွေးနွေးပွဲများကို လာမည့် ဇွန်လတွင် ဆက်လက်ကျင်းပသွားရန်ရှိသည်ဟု ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလဖန်းက ဆိုသည်။

ဆက်လက်၍ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းသွားရန် ကြိုးပမ်းသွားရေး အပါအဝင် ကရင်အမျိုးသားတရပ်လုံး သွေးစည်းညီညွတ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။

ထိုအစည်းအဝေးသို့ ကေအဲန်ယူ ဥက္ကဋ္ဌ ပဒိုစောဘသင်စိန် ကြီးမှူးသည့် ကေအဲန်ယူ ဗဟိုကော်မတီဝင်များနှင့် စစ်ဘက်နယ်ဘက်မှ ခေါင်းဆောင်ကြီးများ စုံစုံညီညီ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ❖

# နအဖ၏အတုအယောင်အမျိုးသားညီလာခံကို ဝိုင်းဆန့်ကျင် ၊ စစ်မှန်သည့်ဆွေးနွေးပွဲဖြစ်မြောက်ရေး ဖိအားပေးကြ

မေလ(၂၇)ရက်နေ့တွင် ကျရောက်သည့် (၁၄)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (လူငယ်)အဖွဲ့က နအဖ၏ အတုအယောင် အမျိုးသားညီလာခံကို ဝိုင်းဝန်းဆန့်ကျင်၍ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲများဖြစ်မြောက်လာရေးအတွက် ဝိုင်းဝန်းဖိအားပေးကြရန် တိုက်တွန်းတောင်းဆိုလိုက်သည်။

အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) လူငယ်အဖွဲ့က ကျင်းပသည့် ရွေးကောက်ပွဲနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ထုတ်ပြန်သည့် အဆိုပါကြေညာချက်တွင် နအဖက ပြန်လည်ပြုလုပ်နေသည့် အတုအယောင် အမျိုးသားညီလာခံကို အမြန်ဆုံး ရပ်ဆိုင်းပစ်ရန်၊ မေ–၃၀ ဒီပဲယင်းနိုင်ငံတော် အကြမ်းဖက်မှုကြီးအား အမြန်ဆုံးစုံစမ်းဖော် ထုတ်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည် မင်းကိုနိုင်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့ချုပ်ရုံးများအားလုံး အမြန်ဆုံး ပြန်လည်ဖွင့်ခွင့်ပြု၍ နိုင်ငံရေးပါတီများ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်နှင့် စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံး အကောင်အထည်ဖော်ရန်တို့ကိုပါ ထည့်သွင်း တောင်းဆိုခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ၁၉၉၀–ပြည့် နှစ်ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့် ဦးဘိုသောင်း၊ ဦးမောင် မောင်အေး၊ ဦးလှဦး၊ ဦးခင်ကျော်ဟန်၊ ဒူးဝါးဇော်အောင်နှင့် ဦးကျော်သွင်တို့ အပါအဝင် အခြားနိုင်ငံရေးအင်အားစုများက ဒီမိုကရေစီရေးကြိုးပမ်းနေသူများပါ တက်ရောက်ခဲ့ကြသည်။

❖




(၁၄)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (လူငယ်)ရုံးတွင် ကျင်းပနေစဉ်

---

# အမျိုးသားညီလာခံ မစတင်မီ နိုင်ငံရေးအကျဉ်းသားဟောင်းအချို့ နှစ်ရှည်ထောင်ဒဏ်ချခံရ

ပြည်ပရောက် တရားမဝင်အဖွဲ့အစည်းများနှင့်ဆက်သွယ်သည်ဟုဆိုကာ လွန်ခဲ့သည့် သုံးလခန့်က စစ်ထောက်လှမ်းရေး၏ဖမ်းဆီးခြင်းကိုခံခဲ့ရသည့် ဒီမိုကရေစီရေးလှုပ်ရှားသူ (၅)ဦးတို့အား အင်းစိန်ထောင်တွင်း အထူးတရားရုံးက ယခုလ (၇) ရက်နေ့တွင် နှစ်ရှည်ထောင်ဒဏ်များချမှတ်လိုက်ကြောင်း ထိုင်း–မြန်မာနယ်စပ်အခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) က သတင်းထုတ်ပြန်ခဲ့သည်။

နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရသူ (၅)ဦးတို့အနက် ဦးနေမင်းသည် ထောင်ဒဏ်အနှစ် (၂၀) ချမှတ်ခြင်းခံခဲ့ရဖူးသူဖြစ်ပြီး ၎င်းနှင့်အတူ မောင်မောင်လတ် (၁၂) နှစ်၊ ပေါ်လွင် (၁၂) နှစ်၊ နေမင်း (၁၅)နှစ်၊ ရဲသီဟ (၇) နှစ်၊ နေလင်းအောင်(ခ)ရန်နိုင် (၂၂)နှစ်တို့ဖြစ်ကြောင်း သိရသည်။ ❖

# စစ်တပ်ဦးဆောင်မှုဝေဖန်သည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များခေါ်တွေ့ခံရ

**မေ၊(၁၃)ရက်။**

နအဖညီလာခံ၏ ဦးတည်ချက်များသည် စစ်မှန်သည့် ပြည်ထောင်စုတခု ဖြစ်ပေါ်လာရေးအတွက် ကိုက်ညီမှုမရှိကြောင်း စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များက ကြေညာချက်ထုတ်ပြန်ပြီး (၂)ရက်အကြာတွင် နအဖဝန်ကြီးချုပ်က အဆိုပါအဖွဲ့များ အားလုံးကိုခေါ်ယူတွေ့ဆုံ၍ စစ်တပ်၏ အခန်းကဏ္ဍကို အသိအမှတ်မပြုသည့်အတွက် စိတ်မကောင်းကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

မေ(၁၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ (၆)ဖွဲ့၏ ကြေညာချက် (သတင်းဖော်ပြထား)ထွက်ပေါ်ပြီးနှစ်ရက်အကြာ မေ(၁၃)ရက်နေ့ နံနက်ပိုင်းတွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၎င်းတို့နှင့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များ၊ လက်နက်ချအဖွဲ့များပါဝင်သည့် စုစုပေါင်းအဖွဲ့(၂၅)ဖွဲ့မှ အင်အား (၉၀)ခန့်ကို ဇေယျာသီရိဗိမာန်တွင် ခေါ်ယူတွေ့ဆုံ၍ ယခုလိုတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့(၆)က ညီလာခံကျင်းပခြင်း၏ နိုင်ငံရေးဦးတည်ချက်(၆)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သော အနာဂတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် တပ်မတော်က ဦးဆောင်မှုအခန်းမှပါဝင်ရေးဆိုသည့်အချက်သည် ပြည်သူလူထု၏ ဆန္ဒနှင့်ပါကိုက်ညီခြင်းမရှိသဖြင့် ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။

ထို့အပြင် ညီလာခံ လုပ်ထုံးလုပ်နည်းများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြန်လည်ပြင်ဆင်ရန်နှင့် နအဖ၏ အမိန့်ကြေညာချက် (၅/၉၆)အား ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။ ❖

# စစ်ဘက်အရာရှိကြီးများက အရပ်ဘက်ရာထူးများ ကြိုတင်ရယူနေ

**မေ(၂၀)ရက်**

ယခုနှစ်ဆန်းပိုင်းမှစ၍ စစ်အုပ်စုထိပ်တန်း စစ်ဘက်အရာရှိကြီးတချို့ကို သံအမတ်ရာထူး၊ ဝန်ကြီးဌာနအလိုက် အရပ်ဖက်ဝန်ထမ်းအဖွဲ့အစည်းများအတွင်း အစားထိုးခန့်အပ်ခဲ့ကြောင်း သိရသည်။

စစ်ဖက်အသိုင်းအဝိုင်းများ အဆိုအရ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်မောင်ညိုကို ပါကစ္စတန်နိုင်ငံဆိုင်ရာ သံအမတ်၊ နမခဒု–တိုင်းမှူးဗိုလ်မှူးချုပ်စိုးမြင့်ကို အီဂျစ်ဆိုင်ရာ သံအမတ်၊ တြိဂံဒေသတိုင်း ဒု–တိုင်းမှူးဗိုလ်မှူးချုပ် မြင့်ဆွေကို နီပေါ ဆိုင်ရာသံအမတ်နှင့် အမှတ်(၅)စစ်ဆင်ရေးဌာန ကွပ်ကဲရေးမှူးချုပ်ဗိုလ်မှူးချုပ်ကြည်သိန်းကို အိန္ဒိယနိုင်ငံဆိုင်ရာသံအမတ် အဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အလားတူ အရပ်ဖက်ဝန်ထမ်းဌာနများတွင် ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူးဗိုလ်မှူးကြီးရဲဘုန်းမြင့်ကို မြေတိုင်းဦးစီးညွှန်ကြားရေးမှူးချုပ်၊ ဗိုလ်မှူးကြီးဆန်းထွန်းကို မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဗိုလ်မှူးကြီးချစ်ရှိန်ကို အလုပ်သမားဝန်ကြီးဌာနလူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် အသီးသီးရွှေ့ပြောင်းခန့်အပ်ကြောင်းသိရသည်။

ယခုကဲ့သို့ စစ်ဖက်အရာရှိများကို သံတမန် လောကနှင့် အရပ်ဘက်ဝန်ကြီးများအတွင်း အစားထိုးခန့်အပ်လိုက်ခြင်းသည် စစ်အုပ်က ဖော်ဆောင်ရန်ရှိမည့် အရပ်သားအစိုးရတွင် စစ်ဗိုလ် ကြီးများ ကြီးစိုးနိုင်ရန် ကြိုတင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဦးဌေးအောင်က ဝေဖန်သုံးသပ်သွားသည်။ ❖

# ကရင်နီကိုယ်စားလှယ်များ ညီလာခံတက်ရောက်သည်ဆိုသည့် နအဖသတင်းထုတ်ပြန်ချက် မဟုတ်မှန်ဟု ကေအဲန်ပီပီငြင်းဆို

**မေ၊(၁၇)ရက်။**

ယခု ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေသည့် ကိုယ်စားလှယ် (၁၀၀၀) ကျော်တို့တွင် နအဖကို လက်နက်ကိုင် တိုက်ပွဲဝင်နေဆဲဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်များပါ ပါဝင်ကြောင်း စစ်အုပ်စုပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်ကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP က မဟုတ်မှန်ကြောင်း တုံ့ပြန်ပြောဆိုလိုက်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကေအဲန်ပီပီ အထွေထွေအတွင်းရေးမှူး ခူးရယ်မွန်ထူးက ယခုကျင်းပနေသည့် ညီလာခံတွင် KNPP ကိုယ်စားလှယ်များပါ တက်ရောက်နေကြောင်း နအဖသတင်းမီဒီယာများ၏ ဖော်ပြချက်သည် အဖွဲ့အစည်း၏ နာမည်ကို အလွဲသုံးစားလုပ်ခြင်း သာဖြစ်သည်ဟု ဆိုလိုက်သည်။

၎င်းင်းက "အပစ်အခတ်ရပ်စဲရေးလုပ်သွားတဲ့အဖွဲ့ကို KNPP နာမည်နဲ့တပ်ပြီး တက်ခိုင်းတာဖြစ်နေတယ်။ ဒီလို လုပ်လိုက်တာ လုံးဝ မကျေနပ်ပါဘူး။ ဒီလိုကျနော်တို့နာမည်ကို အလွဲသုံးသွားတာ အလိုမရှိဘူး။ လုံးဝ မဟုတ်ဘူးဆိုတာ ပြောလိုက်ပါတယ်" ဟု နအဖကချုပ်ကိုင်ထားသည့် သတင်းစာများအား ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောဆိုလိုက်သည်။

ဆက်လက်၍ ညီလာခံ၌ နအဖက စိတ်ကြိုက်ရွေးချယ်ထားသည့် ကိုယ်စားလှယ်များ၊ လက်နက်ကိုင် ခွဲထွက်အဖွဲ့များ၊ လက်နက်ချအဖွဲ့များကို ထည့်သွင်းထားခြင်းမှာလည်း လူထုကို ကိုယ်စားမပြုနိုင်ကြောင်း ဝေဖန်ပြောဆိုခဲ့ပြီး ညီလာခံတွင် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်အစစ်အမှန်များ အမှန်တကယ် တက်ရောက်ခွင့်ရရန်လိုကြောင်း၊ သို့သော် ညီလာခံကိုနအဖက ၎င်းတို့လိုချင်သည့်ပုံစံ ဖြစ်လာရန် တိုင်းရင်းသားများ ပါဝင်သည်ဆိုသည့် ရုပ်ပြသဘောမျိုးသာ လုပ်ခဲ့ခြင်းဖြစ်၍ တိုင်းပြည်အတွက်အကျိုးရှိနိုင်မည်ဟု မယုံကြည်ကြောင်း ပြောဆိုသွားခဲ့သည်။ ❖

# ဒီမိုကရေစီသူရဲကောင်းများ

ကိုကိုကြီး
ကိုတင်မောင်ဝင်း (ခရမ်း)

## အလွမ်းကဗျာ အလွမ်းစာ (၂)

ညီ ဇံ



နောက်ထပ် အလွမ်းပန်းတပွင့် ဝေရမယ့်သူကတော့ ကိုစိန်ဝင်း(သုံးခွ)နဲ့(၁၀)ရက်ပဲခြားပြီး ကွယ်လွန်သွားသူ ကိုတင်မောင်ဝင်းပဲဖြစ်ပါတယ်။ တနယ်ထဲသား သူငယ်ချင်းနှစ်ယောက် တနှစ်ထဲ၊ တလထဲ ရက်သာခြားပြီး ကွယ်လွန်ခဲ့တာပါ။ ဒီနှစ် ၁၈၊ ၁၊ ၂၀၀၄ နေ့မှာ ကိုတင်မောင်ဝင်း ကွယ်လွန်တာ ၁၃ နှစ်တင်းတင်းပြည့်ပါပြီ။ ကွယ်လွန်ခြင်း ၁၂ နှစ် ပြည့်တုန်းက ဖိတ်စာလေးကို ပြန်ကြည့်ပြီး ဖိတ်စာမှာပါတဲ့ ကဗျာကို ဖတ်ရင်း ကျနော့်အတွေးစတွေက မျှောလွင့်လို့သွားပါတယ်။

သေရှင်အရေး၊
နှစ်တွေးမရည် စွန့်အံ့သည်ဟု၊
ဆောက်တည်သောလျှောက်
စွန့်ခွင့်ရောက်မူ
ရှုံ့ကြောက်မဲ့တွန်၊
အရှင့်ဝန်၌
ကုမ္ဘဏ်ယက္ခ၊ နာဂ ခြင်္သေ့
ရင်ဆိုင်တွေ့လည်း၊
ခွာ၍မတွန့် အသက်စွန့်လော့
အခွန့်နောင်လာ၊ လူတကာတို့
ပြောရာဥဒါန်း၊ ကမ္ဘာထွန်းသို့
မော်ကွန်းဖြစ်လျှင်း လေစေမင်း။ ။

ဂမ္ဘီသာရပျို့

ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးအတွက် (သို့) စစ်အာဏာရှင်စနစ်ဆိုးကြီးကို ဖယ်ရှားဖို့အတွက် အသက်ပေးလှူတိုက်ပွဲဝင်သွားသူတွေအတွက် ဒီ ‘ဂမ္ဘီသာရပျို့’ ကဗျာလေးက လိုက်ဖက်လှပါတယ်။ ဒီမိုကရေစီသူရဲကောင်းတွေအတွက် ရည်ညွှန်းရေးစပ်ထားသလိုပါပဲ။ သူတို့ရဲ့ အသက်ကိုပဓာနမထားဘဲ ပိုင်ဆိုင်ရာ အိုးအိမ်စည်းစိမ်၊ ချစ်သောဇနီး၊ သားသမီးနဲ့ မိဘ ဆွေမျိုးများကိုပါ စွန့်လွှတ်ဝံ့ကြသူများဟာ မမေ့ကောင်းတဲ့သူများ ဖြစ်ပါတယ်။

ရင်တွင်းကဖန်သားပြင်ကိုဖွင့်မိလေတိုင်း သူတို့ရဲ့ရုပ်ပုံများက ထင်ထင်ရှားရှား ပေါ်လာစမြဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်များစွာက ပုံရိပ်များက ပီပြင်ရှင်သန်နေဆဲ ....

ရန်ကုန်တက္ကသိုလ်ကျောင်းသားညီညွတ်ရေးတပ်ဦး Student's United Front (S.U.F)မှာ ကိုတင်မောင်ဝင်းနဲ့ သိကျွမ်းခင်မင်ခဲ့ရတယ်။ ‘တကသ’ မှာ မကြာခဏဆုံကြတယ်။ သူက မြို့မအမျိုးသားကျောင်းထွက်တယောက်။ နေ့ကျောင်းတက်သူ။ ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသူကျောင်းသားများအသင်း အမှုဆောင်တယောက်လည်းဖြစ်တယ်။ ခရမ်းမြို့ဇာတိ၊ မြို့မျက်နှာဖုံးစက်သူဌေး ဦးမြို့ရဲ့သားတယောက်လည်းဖြစ်တယ်။ ဒါပေမယ့် သူဌေးသားပုံစံ လုံးဝမရှိ။ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဝတ်ဆင်တတ်ပေမယ့် အနေအထိုင် နှိမ့်ချရိုးကုပ်သူဖြစ်တယ်။ တည်ကြည်ဖြောင့်မတ်တဲ့၊ ရိုးသားအေးဆေးတဲ့၊ တရားမျှတဘက်မလိုက်တတ်တဲ့၊ သနားကြင်နာတတ်တဲ့၊ သတ္တိရှိတဲ့၊ အဆင့်အတန်းလုံးဝမခွဲခြားတတ်တဲ့ ဂုဏ်ပုဒ်များရှိသူတယောက်ကိုပြပါဆိုရင် ကိုတင်မောင်ဝင်းကို ချက်ခြင်းညွှန်ပြပါမယ်။ အဲဒီလို အရည်အချင်းဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံလှပနေသူတဦးပါ။ ပြီးတော့ မှန်ရာကို ဇွဲမလျှော့တမ်းလုပ်တတ်သူ.... လူသားချင်းစာနာနားလည်မှုအပြည့်ရှိသူတဦးလည်း ဖြစ်ပါတယ်။

အဲဒီဂုဏ်ပုဒ်တွေ ပိုင်ဆိုင်သူတယောက်ဟာ ကျောင်းသားဘဝကစလို့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ပြီး ၈၈ အရေးတော်ပုံမှာလည်းပါဝင်ခဲ့တာ မဆန်းလှပါဘူး။ ဒါပေမယ့် အသက်စွန့်သည်အထိ စစ်အာဏာရှင်စနစ်ဆိုးကို ဆန့်ကျင်သွားနိုင်သူတယောက်အနေနဲ့ကတော့ လေးစားဂုဏ်ပြုချီးကျူးဖို့ကောင်းလှပါတယ်။ ကိုတင်မောင်ဝင်းရဲ့ စိတ်သဘောကောင်းမှုများကြောင့် ကျောင်းသားရဲဘော်တွေရဲ့ ချစ်ခင်လေးစားခြင်းခံရတယ်။ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုများ၊ တိုက်ပွဲများမှာ တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့တယ်။ စကားနည်းနည်းပြောပြီး အလုပ်များများလုပ်တဲ့ လူမျိုးဖြစ်တယ်။ ပုံမှန်ကျောင်းသားလှုပ်ရှားမှုတိုက်ပွဲများမှာ ဘယ်တော့မှ ရှေ့တန်းမထွက်ပါ။ နောက်ကသာ လိုက်နေတတ်တယ်။ တကယ့်တကယ် အရေးအရာပေါ်လို့ အခက်အခဲ ဖြစ်လာရင်တော့ ကိုတင်မောင်ဝင်းကို တကယ်အားကိုးရတော့တယ်။ သူ့ရဲ့ထူးခြားတဲ့ အရည်အသွေးကို ကျဉ်းထဲကျပ်ထဲမှာ မှတ်ကျောက်တင်ခံနိုင်သူဖြစ်တယ်။ သူက တိုက်ပွဲခေါ်သံကို အမြဲနားစွင့်နေတတ်သူ၊ တိုက်ပွဲထဲမှာ ရဲတင်းသံပေးဝံ့သူဖြစ်တယ်။

၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက် ကျောင်းသားအရေးတော်ပုံဖြစ်ပြီးစအချိန်၊ သမဂ္ဂအဆောက်အဦဖောက်ခွဲခံရပြီးချိန်၊ သမဂ္ဂများဖျက်ဆီးခံရချိန်၊ ဗကသ၊ တကသ၊ ရကသ ကျောင်းသားခေါင်းဆောင်တွေ အများစုအဖမ်းခံနေရချိန်မှာ သူ့ရဲ့အရည်အချင်း၊ သူ့ရဲ့ခေါင်းဆောင်မှုကို လက်တွေ့ပြသခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းသားလှုပ်ရှားမှုတိုက်ပွဲတွေ ဦးဆောင်မှုမဲ့နေချိန်က ကိုတင်မောင်ဝင်းဟာ တိမ်းရှောင်နေရတဲ့ ကျောင်းသားခေါင်းဆောင်တွေနဲ့ ကွင်းဆက်ရအောင်ယူပြီး ကျောင်းသားတိုက်ပွဲများကို ဆက်လက်ဦးဆောင်မှုပေးခဲ့တယ်။ ‘ကျောင်းသားလှုပ်ရှားမှုကော်မတီ’ကိုဖွဲ့စည်းပြီး ကိုစိုးသိန်း၊ ကိုခင်ဆွေ စသူတို့နဲ့တွဲဖက်ပြီး ကျောင်းသားအခွင့်အရေးများအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့တယ်။

၁၉၆၂–၆၃ ခုနှစ်အတွင်းကျောင်းသားလှုပ်ရှားမှုတွေကို ဦးဆောင်ရင်း ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုများမှာ ပါဝင်ခဲ့တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်တဲ့အခါ ဗိုလ်နေဝင်းရဲ့ မဆလ အကျဉ်းသားဘဝရောက်ခဲ့တယ်။ ရုံးတင်စစ်ဆေးမှုမလုပ်ဘဲ ၇ နှစ်တိုင် ထိန်းသိမ်းထားတာကိုခံခဲ့ရတယ်။ ၈၈ အရေးတော်ပုံကြီးအတွင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး တရားပွဲတွေ လှည့်လည်ဟောပြောခဲ့တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ တိုင်းစည်းရုံးရေးမှူးအဖြစ် ဆက်ပြီးတာဝန်ယူခဲ့တယ်။ ၁၉၉၀ ခုနှစ်မေလ ရွေးကောက်ပွဲမှာ ခရမ်းမြို့နယ်အရွေခြမ်း လွှတ်တော်ကိုယ်စားလှယ် အမတ်အဖြစ် ရွေးကောက်ခံခဲ့ရပါတယ်။

NLD တိုင်းရုံးမှာ တာဝန်ထမ်းဆောင်နေစဉ်က ဆက်ဆံရေး ပြေပြစ်ခြင်း၊ ပြဿနာရပ်တွေကို မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းတို့ကြောင့် လူအများကအသိအမှတ်ပြုလေးစားခြင်းကို ခံခဲ့ရတယ်။ ၁၉၉၀ ခုနှစ် အောက်တိုဘာလကုန်ခါနီးမှာ စစ်အစိုးရရဲ့ဖမ်းဆီးခြင်းကို ခံရပြန်တယ်။ ဒီတကြိမ်အဖမ်းခံရတာဟာ သူ့ရဲ့နောက်ဆုံး ခရီးဖြစ်လိမ့်မယ်လို့ မိသားစုက မတွေးမိခဲ့ကြပါ။ မိသားစုနဲ့ ခွဲခွာစဉ်က ကျန်းမာရေးကောင်းနေသူ၊ ကျန်းမာရေးကိုလည်း အလေးထားဂရုစိုက်တတ်သူဟာ စစ်အကျဉ်းထောင်ထဲမှာ (၃) လတောင်မခံပါ။

၁၈၊ ၁၊ ၁၉၉၁ နေ့မှာ ‘သွေးကင်ဆာ’ ရောဂါနဲ့ ကိုတင်မောင်ဝင်း သေဆုံးပြီလို့ အကြောင်း ကြားခြင်းခံရတဲ့အခါမှာ ယုံကြည်ဖို့ခက်ခဲခဲ့ကြတယ်။ ကျောက်ကပ်ရောဂါဖြစ်ခဲ့ဖူးလို့ လစဉ် ဆီး၊ သွေး စစ်ချက်ယူနေသူ၊ သွေးစစ်ချက်အဖြေများ ကောင်းမွန်နေသူ တယောက်ဟာ (၃)လ မပြည့်မီအတွင်း ‘သွေးကင်ဆာ’ဘယ်လို ဖြစ်သွားခဲ့သလဲဆိုတဲ့ အတွေးတွေ သံသယတွေ ဖြစ်ဖို့ကောင်းနေပါတယ်။

ကိုတင်မောင်ဝင်းကတော့ တကယ်ပဲ ကွယ်လွန်သွားခဲ့ပါပြီ။ မိသားစုအဖို့ အိပ်မက်ပမာ မယုံနိုင်ဖြစ်ကြရတယ်။ ခေါ်သွားချိန်ကစလို့ ကွယ်လွန်ချိန်အထိ တကြိမ်မှ ပြန်မဆုံခဲ့ရ၊ ဆေးဝါးပစ္စည်း တခါမှ ပေးခွင့်မရခဲ့ကြ။ မိသားစုခမျာ ဖြေဆည်လို့မရနိုင်ကြ။ ကြားရသူအားလုံးက အံ့သြတုန်လှုပ်ကြ၊ မယုံနိုင်ကြ။ ကိုတင်မောင်ဝင်းခမျာ အထီးကျန်တကိုယ်တည်း ရောဂါဝေဒနာကို အလူးအလိမ့် ခံစားခဲ့ရလေမလား ....၊ မိသားစုကို တမ်းတနေမလား ....၊ အချစ်ဆုံးဇနီးနဲ့ သမီး၊ သားလေးတို့ရဲ့ အကြင်နာလက်ကမ်းလင့်မှာကို မျှော်တရှာလေမလား။ သူ့ခမျာ မသေဆုံးခင် အကြင်နာစကား လေးတခွန်း၊ ဆေးလေးတဇွန်းကိုမှ ရမသွားရရှာပါလား။ ကွယ်လွန်ချိန်မှာ အသက် (၅၂)နှစ်သာရှိသေးတယ်။

ကြံ့တောသင်္ချိုင်းခန်းမ (၁)မှာ စျာပနပို့သူတွေ စည်ကားပြည့်လျှံ အံ့ထွက်နေတယ်။ အာဏာပိုင်အစောင့်အကြပ်တွေက ကြံ့တောသင်္ချိုင်းဝင်းတခုလုံးကို စောင့်ကြပ် ဝိုင်းရံထားကြတယ်။ အစောင့်တွေကို စျာပနပို့သူများက လုံးဝဂရုမစိုက်ကြပါ။ သူတို့ ချစ်ခင်လေးစားတဲ့ ပြည်သူ့ကိုယ်စားလှယ်၊ သူတို့ခေါင်းဆောင်၊ သူတို့ရဲ့ ဒီမိုကရေစီသူရဲကောင်းစျာပနကို သူတို့ လိုက်ပို့ချင်ကြတယ်။ ရုပ်အလောင်းကို နောက်ဆုံးမြင်တွေ့ဂါရဝပြုလိုကြတယ်။ ဒါက သူတို့ရဲ့ ရင်တွင်းခံစားချက် ဆန္ဒဖြစ်တယ်။

‘တောင်ပြိုတာကို လက်ဝါးနဲ့ကာလို့ မရတော့ပါ’ ပရိသတ်က ကြိတ်ကြိတ်တိုးနေတယ်။သေနတ်ကိုင်အစောင့်တွေ၊ စစ်စုံထောက်တွေလည်း ဘာမှမတတ်နိုင်ကြ။ ဒီအတိုင်း ကြည့်နေကြရတော့တယ်။ ကြံ့တောမြေတခုလုံးစျာပနပို့ဆောင်သူတွေနဲ့ ပြည့်လျှံနေတယ်။ ရုပ်အလောင်းကို ကြည့်နိုင်ဖို့ ဝင်ပေါက်ထွက်ပေါက် သတ်မှတ်စီစဉ်ပေးနေပေမယ့် ပရိသတ်ကမကုန်နိုင်။ သဂြိုလ်ဖို့အချိန်သာ စေ့သွားတယ်၊ မကြည့် မမြင်လိုက်ရတဲ့သူတွေ ကျန်နေသေးတယ်၊ မကျေမနပ်ဖြစ်ကြတယ်။ မိသားစုက တောင်းပန်စကားဆိုကြရတယ်။ လူစည်စည်ကားကားတွေ့ရင် ကိုတင်မောင်ဝင်းက ‘ဟာ .... ဝက်ဝက်ကိုကွဲနေတာပဲ’လို့ ဆိုတတ်တယ်။ အခု ကိုတင်မောင်ဝင်းရဲ့ စျာပနဟာ တကယ်ပဲ ဝက်ဝက်ကွဲ စည်ကားနေပါတယ်။

လွမ်းသူ့ပန်းခွေတွေ၊ လွမ်းသူ့ပန်းခြင်းတွေက ပုံထပ်နေတယ်။ အမှတ်တရရုပ်ပုံတွေ၊ စာလွှာစာတမ်းတွေ၊ ပန်းစည်းတွေ ပုံနေကြတယ်။ တမလွန်က ကိုတင်မောင်ဝင်းတယောက် သိပါလေစ။ ကျေနပ်နေမလား ....။ ကျနော်ကတော့ မကျေနပ်နိုင်ပါ။ အအေးခန်းထဲက ထုတ်ယူလာတဲ့ ရုပ်အလောင်းဟာ ကိုတင်မောင်ဝင်းမှဟုတ်ပါလေစ။ ကိုကိုကြီး (ခေါ်)ကိုတင်မောင်ဝင်းတဲ့လား ....။ မှတ်မိဖို့ အတော်ကြိုးစားကြည့်ရတယ်။ အံ့သြတုန်လှုပ်စိတ်၊ နာကျည်းဒေါသစိတ်တို့က ဆူဝေလှိုက်တက်လာတယ်။ နှုတ်ခမ်းမွေး၊ ဆံပင်တွေက ရှည်နေတယ်။ သည်ပုံစံမျိုးနဲ့ ကိုတင်မောင်ဝင်းကို ကျနော်ဘယ်သောအခါကမှ မတွေ့မြင်ခဲ့ဖူးပါ။ အမွှေးအမျှင်တွေက ပုံမှန်မဟုတ်၊ အတော်ကို ရှည်နေကြပါလား။ ကိုတင်မောင်ဝင်းကို သူတို့ ပစ်စလက်ခတ်ထားခဲ့ကြတာပဲ ....၊ ဒါ .... သေချာတယ်။

ကိုတင်မောင်ဝင်းဟာ ပိန်ချုံးပြီး ပါးရိုးတွေ ငေါထွက်သွယ်လျနေတယ်။ ရုပ်အလောင်းက ပါးပါးသေးသေးလေး ဖြစ်နေတယ်။ မှတ်မိစရာမရှိပါလား။ မန္တိုင်းကောင်းနှိုင်းရရင် ကုလား မသာလေးနဲ့ တူနေတယ်။ ရင်ထဲမှာ အတော်ကို အခံရခက်လှတယ်။ မြင်ရသူအပေါင်းကလည်း စုပ်တသတ်သတ်ဖြစ်နေကြတယ်။ စိတ်မထိန်းနိုင်သူတွေက ချုံးပွဲချငိုကြ၊ မျက်ရည်ကျကြ ....။ ကြံ့တောသင်္ချိုင်းတခုလုံး ဆူညံလှုပ်ရှားနေတယ်။ တောက်ခေါက်သူတွေ၊ အံကြိတ်သူတွေ၊ လက်သီးဆုပ်သူတွေ....၊ အားလုံး မကျေမနပ်ဖြစ်နေကြတယ်။

ကိုတင်မောင်ဝင်းရဲ့ ရုပ်အလောင်းကို ခေါင်းမသွင်းခင် သူမြတ်နိုးတဲ့ ခွပ်ဒေါင်းရုပ်ပါတဲ့ အမျိုးသားဒီမိုကရေစီအလံနဲ့ ဖုံးလွှမ်းလိုက်တယ်။ နောက် ....

‘အားလုံး .... သတိ’

‘လူထုခေါင်းဆောင် ဦးတင်မောင်ဝင်းအား .... အလေးပြု’ ဆိုတဲ့အသံက ကျယ်လောင်စွာထွက်ပေါ်ခဲ့ပါတော့တယ်။

ဒါကတော့ ကိုတင်မောင်ဝင်းရဲ့ လုပ်ဆောင်ချက်တွေ၊ ရပ်တည်ချက်တွေကို ပြည်သူတို့က ချစ်ခင်လေးစားဂုဏ်ပြုခြင်း၊ ပြည်သူတို့ရဲ့ ဒီမိုကရေစီဆန္ဒကို တခဲနက်ပြသခြင်းပဲဖြစ်ပါတယ်။ တနည်းပြောရမယ်ဆိုရင် စစ်အာဏာရှင်စနစ်ဆိုးကို ပြည်သူတို့က မုန်းတီး ဆန့်ကျင် ကန့်ကွက်ကြောင်း ပြသခြင်းလည်း ဖြစ်ပါတယ်။ ❖

> ၁၈–၀၁–၁၉၉၁ ရက်နေ့မှာ “သွေးကင်ဆာ”ရောဂါနဲ့ ကိုတင်မောင်ဝင်း သေဆုံးပြီလို့ အကြောင်းကြားခြင်းခံရတဲ့အခါမှာ ယုံကြည်ဖို့ခက်ခဲခဲ့ကြတယ်။ ကျောက်ကပ်ရောဂါဖြစ်ဖူးလို့ လစဉ် ဆီး၊ သွေး၊ စစ်ချက်ယူနေသူ။ သွေးစစ်ချက်အဖြေများ ကောင်းမွန်နေသူတယောက်ဟာ (၃)လမပြည့်မီအတွင်း ‘သွေးကင်ဆာ’ဘယ်လိုဖြစ်သွားခဲ့သလဲဆိုတဲ့အတွေးတွေ သံသယဖြစ်ဖို့ကောင်းနေပါတယ်။ ကိုတင်မောင်ဝင်းကတော့ တကယ်ပဲကွယ်လွန်သွားခဲ့ပါပြီ

‘ပြည်သူတို့၏ မျှော်မှန်းချက်သည်
ပျော်ရွှင်ခြင်းတေးသံဖြင့်
အလျှံညီးညီး မြည်ဟီးနေပါအံ့ ....’

## နိုင်ငံတကာ

# ဆက်ဒမ်အလွန်၊ အမေရိကန်ကျူးကျော်မှုအောက်ရှိ ခါးသီးနာကျည်းဖွယ်အီရတ်မြင်ကွင်း

### ရက်ဖွယ်ဖြစ်စဉ်

**၂၀၀၃ အောက်တိုဘာ၊ ဒီဇင်ဘာ။**

ဤဒေသသို့ တာဝန်ပေးထားသော အမေရိကန် စစ်ရဲ တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်အနီးရှိ အဘူဂရိတ် အကျဉ်းထောင်သားများကို ရက်ရက်စက်စက်ပြုကျင့်ပြီး ဓာတ်ပုံရိုက်ခဲ့သည်။

**၂၀၀၄ ဇန်နဝါရီ (၁၃)။**

အမှတ် (၈၀၀)တပ်မဟာ၊ အမှတ် (၃၇၂) စစ်ရဲတပ်ခွဲအဖွဲ့ဝင်၊ အထူးကျွမ်းကျင်သူ ဂျိုးဇက်ဒါဘီက ရာဇဝတ်မှုဆိုင်ရာ သက်သေ အထောက်အထားများကို စစ်ဘက်စုံစမ်း စစ်ဆေးသူများထံသို့ အစီရင်ခံသည်။



အဝတ်များချွတ်ပစ်ပြီး မဖွယ်မရာ ပြုလုပ်နေပုံ



ရက်ရက်စက်စက် ကန်ကျောက်နှိပ်စက်နေပုံ

**ဇန်နဝါရီ (၁၄)။**

ဘဂ္ဂဒက်ရှိ စစ်ဘက်အရာရှိများက အမှုနှင့်ပတ်သက်၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု စတင်သည်။

**ဇန်နဝါရီ (၁၆)။**

ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲက စုံစမ်းစစ်ဆေးမှုကို လေ့လာသည်။ သို့သော် ဤအမှုနှင့်ပတ်သက်၍ နောက်(၂)ပတ် ကြာသည်အထိ သမတဘုရှ်အား အစီရင်ခံခြင်း မပြုလုပ်ခဲ့။

**ဇန်နဝါရီ (၁၇)။**

အီရတ်ဆိုင်ရာ အကြီးတန်းတပ်မှူး အမေရိကန်ဒုဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေးက တပ်မတော်အရန် တပ်မဟာ ဗိုလ်မှူးချုပ် ဂျနစ်ကာပင်စကီအား သူမ၏တပ်မဟာ၌ အကြီးအကျယ် ချို့ယွင်းမှုအတွက် တရားဝင် ပြစ်တင်ကြိမ်းမောင်းသည်။

**ဇန်နဝါရီ (၁၉)။**

ဒုဗိုလ်ချုပ်ကြီးဆန်ချေးက အဘူဂရိတ် အကျဉ်းထောင်ရှိစစ်သားများအား ကျင့်ထုံးနှင့် လုပ်ထုံးလုပ်နည်းအရ သီးခြားစစ်ဆေးရန် အမိန့်ထုတ်ပြန်သည်။

**ဖေဖော်ဝါရီ (၂၆)။**

အီရတ်ရှိ အကျဉ်းသားအချို့အပေါ်သည့်၊ ယုတ်မာရိုင်းစိုင်းသော လက်လွတ်စပယ်ပြုကျင့်သည့် ရာဇဝတ်မှုဆိုင်ရာ ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြောင်းကို အစီရင်ခံသည်။

**မတ် (၂၀)။**

အမေရိကန်ပြည်ထောင်စုက စစ်သား (၆)ဦးအား လျို့ဝှက်စွာကြံစည်မှု၊ တာဝန်ဝတ္တရားကို အကြောင်းမဲ့ပျက်ကွက်မှု၊ ရက်စက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုနှင့် မဖွယ်မရာပြုကျင့်မှုများအတွက် တရားစွဲဆိုရန် ဗိုလ်မှူးချုပ် မတ်ကင်မစ် က ကြေညာသည်။

**ဧပြီ (၆)။**

ဒုဗိုလ်ချုပ်ကြီး ဒေးဗစ်မက်ကီယာမန်က နောက်ထပ်စစ်သား (၆)ယောက်အား ပြစ်တင်ကြိမ်း မောင်းသည့်စာအား တဂူဘာ၏ ထောက်ခံမှုချက်ပေးမှုအား အတည်ပြုသည်။ ၎င်းတို့အထဲမှ စစ်သား(၂)ဦးအား တာဝန်မှ အနားပေးခဲ့သည်။

**ဧပြီ (၂၈)။**

ရမ်းစ်ဖဲသည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန် အထက်လွှတ်တော်အမတ်များနှင့် တွေ့ဆုံသည်၊ သို့သော် ၎င်းတို့အား အကျဉ်းထောင်တွင်း ချိုးဖောက်မှုဓာတ်ပုံများအကြောင်းကို မပြောပေ။ ထိုညဉ်ရက်စက်စွာပြုကျင့်နေမှုသည် နှိပ်စက်ညှဉ်းပန်းမှုကဲ့သို့ ဖြစ်နေကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ဆန်ချေးနှင့် ယာယီညွှန့်ပေါင်းအစိုးရ အုပ်ချုပ်ရေးမှူး ပေါဘရိုင်မာအား အစီရင်ခံစာတစောင်၌ သတိပေးသည်။

**မတ် (၃)။**

အဘူဂရိတ်အကျဉ်းထောင်အမှူး စုံစမ်းစစ်ဆေးရေးမှူးချုပ် ဗိုလ်မှူးချုပ် အတောနစ်တဂူဘာ က အမှတ် (၈၀၀)တပ်မဟာမှ ရဲဘော်များသည် အီရတ်အကျဉ်းသားများအပေါ် ရက်စက်စွာပြုကျင့်၍ သာယာတတ်ပင် စီဘီအက်စ်ရုပ်သံမှ ဤမှုခင်းဓာတ်ပုံများကို ပထမဆုံးအကြိမ် မိနစ်(၆၀)ကြာပြသသည်။

**မေ (၁)။**

နယူးယောက်သား (New Yorker) သတင်းစာတွင် တဂူဘာ၏အသေးစိတ် ပြန်လည်သုံးသပ်ချက်ကို ပထမဆုံး သတင်းပေးခဲ့သည်။

### ဥပဒေ

တတိယကြိမ်မြောက် ဂျီနီဗာသဘောတူညီချက်က စစ်အကျဉ်းသားများအား ''ရက်စက်စွာပြုမူဆက်ဆံခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်း၊ လူတဦးချင်းဂုဏ်သိက္ခာကိုစော်ကားခြင်းနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့်ပြုမူဆက်ဆံခြင်း''များ ခံစားစေခြင်းမှတားမြစ်သည်။ တာလီဘန်သုံ့ပန်းများနှင့် အီရတ်သုံ့ပန်းများသည် ဤသဘောတူညီချက်များနှင့် အကျုံးဝင်သော်လည်း အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များမှာ ဥပဒေပ တိုက်ခိုက်ရေးသမားဖြစ်၍ ဤသဘောတူညီချက်နှင့် အကျုံးမဝင်ဟု အမေရိကန်အရာရှိများက ပြောဆိုသည်။

### နှိပ်စက်ညှဉ်းပန်းမှုဆန့်ကျင်သည့် သဘောတူညီချက်

ညှဉ်းပန်းနှိပ်စက်မှု ဆိုသည်မှာ ကိုယ်ကာယ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာနာကျင်ခံစားမှုကို ဖြစ်ပေါ်စေသည့် လုပ်ဆောင်မှုတိုင်းကို ဆိုလိုကြောင်း ရှင်းလင်းစွာဖွင့်ဆိုထားသည်။ ၁၉၉၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ (၈)ကြိမ်မြောက် ပြင်ဆင်ချက်အရ ရက်စက်ပြီး ထူးခြားသည့် လုပ်ဆောင်မှုမှန်သမျှကို နှိပ်စက်ညှဉ်းပန်းမှုအဖြစ် ရှင်းလင်းစွာ ဖွင့်ဆိုထားသည်။ ဤသဘောတူညီချက်က သုံ့ပန်းများအား နိုင်ငံတနိုင်ငံမှ နှိပ်စက် ညှဉ်းပန်းခြင်း ပြုလုပ်မည်ဟု သိထားသည့် အခြားနိုင်ငံတနိုင်ငံသို့ လွှဲပြောင်းခြင်းမှ တားမြစ်သည်။

### ညှဉ်းပန်းနှိပ်စက်နည်းများ

အကျဉ်းသားများနှင့် လူ့အခွင့်အရေး အုပ်စုများက ပင်လယ်ရပ်ခြား၌ ဖမ်းဆီးရမိသော သုံ့ပန်းများအပေါ် အမေရိကန်က သုံးသည့် အဓမ္မနည်းလမ်းအထွေထွေကို ရှင်းလင်းဖော်ပြလိုက်သည်။ အချို့ကို အမေရိကန်အရာရှိများက ဝန်ခံသည်။



(ဝဲဘက်ပုံ) နာရီပေါင်းများစွာ အတင်းအကျပ် မတ်မတ်ရပ်စေခြင်းဖြင့် လည်းကောင်း၊ ဒူးကွေးကာ တဝက်ထိုင်တဝက်ရပ်အနေအထားညှဉ်းပန်းပုံ၊ (ယာဘက်ပုံ) ရက်ပေါင်းများစွာအိပ်မရဘဲ အစဉ်နိုးနေစေရန် ပြုလုပ်ခြင်း)

**အိပ်ရေးမဝအောင်လုပ်သည့်နည်း**

တောက်ပစူးရှသော အလင်းတန်းများ ထိုးထားခြင်းနှင့် ဆူညံသောအသံများ ဖွင့်ထားခြင်းဖြင့် စစ်ဆေးသူက သုံ့ပန်းများအား ရက်ပေါင်းများစွာအိပ်မရဘဲ အစဉ်နိုးနေစေရန် ပြုလုပ်ခြင်း။

**လျှပ်စစ်ကျင်စက်တို့နည်း**

စစ်ဆေးသူထံသို့ သုံ့ပန်းများကို မလွှဲပြောင်းမီ၌ စစ်သားများကသုံ့ပန်းများအား ပျော့ခွေသွားအောင်လုပ်သည်။ အကျဉ်းသားများကို ရိုက်သည်၊ အဝတ်များ ချွတ်ပစ်သည်၊ ရေတွင်နှစ်သည်၊ အပူချိန်တိုး လိုက်မြှင့်လိုက်ဖြင့် အပြင်းအထန် မခံမရပ်နိုင်အောင်လုပ်သည်။ အမျိုးသမီး အစောင့်များ ကြည့်နေသော်လည်း အဝတ်ဗလာဖြင့်သာ နေစေသည်။

**သက်တောင့်သက်သာမရှိသည့် ပုံစံထားနည်း**

အကျဉ်းသားများအား နာရီပေါင်းများစွာ အတင်းအကျပ် မတ်မတ်ရပ်စေခြင်းဖြင့်လည်းကောင်း၊ ဒူးကွေးကာ တဝက်ထိုင်တဝက်ရပ်အနေအထား၌နေစေခြင်း သို့မဟုတ် ထိုင်၍၊ ထ၍၊ လှဲ၍မရသည့် ကျဉ်းကျဉ်းကျုတ်ကျုတ်နေရာ၌ ထားရှိသည်။

**အာရုံခံစားမှုမရအောင်လုပ်သည့်နည်း**

သုံ့ပန်းများကို မျက်စိလည်လမ်းလွဲစေရန်နှင့် စိတ်ရှုပ်ထွေးသွားစေရန် ခေါင်းစွပ်၊ ပလာစတာတိပ်သား (သို့မဟုတ်) မျက်မှန်အမဲဖြင့် ဖုံးစွပ်ထားသည်၊ တကြိမ်လျှင် (၄) နာရီခန့်ကြာသည်။

**စိတ်ဓာတ်ရေးရာနှိပ်စက်ကစားနည်း**

စစ်ဆေးသူများက အကျဉ်းသားများအား ချော့မော့အစ်အောက်သည်၊ ချောက်လှန့်သည်၊ စိတ်နောက်ကျိအောင် လုပ်သည်။ နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် နာမည်ကြီးသည့် အီဂျစ်(သို့မဟုတ်)မော်ရိုကိုကဲ့သို့ အခြားတိုင်းပြည်များသို့ပို့ပစ်မည်ဟု ခြိမ်းခြောက်သည်။ အမေရိကန်သည် ရံဖန်ရံခါ ထိုခြိမ်းခြောက်မှုများကို ပြုလုပ်သည်။ ❖

ရည်ညွှန်း– TIME 17, May

# နိုင်ငံတကာ

## ဆိုနီယာဂန္ဒီဦးဆောင်မှုအောက်တွင် ကွန်ဂရက်ပါတီ အောင်ပွဲဖြင့်ပြန်လာပြီ

ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံကြီး ဖြစ်သည့် အိန္ဒိယနိုင်ငံ၏ရွေးကောက်ပွဲတွင် ဆိုနီယာဂန္ဒီခေါင်းဆောင်သည့် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီက (၄၁၇)ယောက် ဝင်ရောက်အရွေးခံရာတွင် အမတ်နေရာ (၁၄၅) နေရာရရှိကာ ပြိုင်ဖက်ပါတီအားလုံး အပေါ်တွင် အနိုင်ရရှိခဲ့ပြီး အစိုးရဖွဲ့ခွင့်ရရှိသွားခဲ့သည်၊ သို့သော် ဝန်ကြီးချုပ်နေရာကို ဒေါက်တာမန်မိုဟန်ဆင်းအား ပေးအပ်ခဲ့ပြီး သူမမှာ ပါတီဥက္ကဋ္ဌတာဝန်နှင့် ကွန်ဂရက်ပါလီမန် ပါတီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ဤနေရာမှာ ပါတီဖွဲ့စည်းပုံပြောင်းလဲပြီးနောက် သူမတီထွင်ခဲ့သည့် နေရာသစ်ဖြစ်သည်။ ပါတီတွင်း၌ သူမကို ဒေါက်တာဆင်းထက် ပိုမိုမြင့်မားသည့်နေရာတွင် ထားရှိသည်။ ဒေါက်တာဆင်းအား အစိုးရခေါင်းဆောင် ခန့်အပ်ခြင်းဖြင့် သူမမှာ ကွန်ဂရက်ပါတီ ပြန်လည်ရှင်သန်ရေးကို လုပ်ဆောင်မည်ဖြစ်သည်။ ထို့ပြင် သူမကို ကွန်ဂရက်ပါတီနှင့်၎င်း၏မဟာမိတ်များ၊ လက်ဝဲပါတီများအပါအဝင် ထောက်ခံသည့်ပါတီများ၏ အစည်းအဝေးမှ ညီညွတ်သောတိုးတက်ရေး မဟာမိတ် (United Progressive Alliance) အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း တရားဝင်ရွေးကောက်တင်မြှောက်လိုက်သည်။

ပါလီမန်အမတ်နေရာပေါင်း (၅၃၉) နေရာအတွက်၊ ယှဉ်ပြိုင်သူ (၅၄၃၅)ယောက် ဝင်ရောက်အရွေးခံကြရာတွင် အမျိုးသား (၄၉၅)ဦးနှင့် အမျိုးသမီး(၄၄)ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

ယခင်အာဏာရပါတီဖြစ်သည့် ဘာရာတီရာဂျာနာတာပါတီ (BJP)သည် (၃၆၄) ယောက် ဝင်ရောက်အရွေးခံရာ (၁၃၈) ယောက် အနိုင်ရရှိခဲ့သည်။ ထို့ပြင် လက်ဝဲပါတီများနှင့် မဟာမိတ်များက အမတ်နေရာ (၁၃၆)နေရာရရှိကာ ပါလီမန်တွင်း အဓိက အားကောင်းသော အတိုက်အခံများ ဖြစ်လာခဲ့သည်။ မဲပေးနိုင်သူ (၇၇၁)သန်းကျော်ရှိရာတွင် (၆၇)သန်း ကျော်မဲပေးခဲ့ကြသည်။ တရားဝင်မဲအရေအတွက်မှာ (၃၇၇)သန်းကျော်ရှိခဲ့ရာ ပယ်မဲသန်း (၃၀၀)နီးပါးရှိခဲ့သည်။ ❖



အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီ

## နယ်ချဲ့သမားများ ဗီယက်နမ်မှသင်ခန်းစာယူရန် သူရဲကောင်းဗိုလ်ချုပ်ကြီးက ပြောကြား

**[ဘီဘီစီ]**

မေလ (၆)ရက်နေ့က ကျင်းပခဲ့သည့် ဒိန်ဘင်ဖူးကျဆုံးခြင်းနှစ် (၅၀)မြောက် အခမ်းအနားအကြိုနေ့၌ ဗီယက်နမ်တို့၏ မချိုးဖျက်နိုင်သော၊ အနိုင်မခံအရှုံးမပေး စိတ်ဓါတ်ကို သင်ခန်းစာယူနိုင်ကြောင်း သမိုင်းဝင်ဗီယက်နမ် ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂျီယပ်က ကမ္ဘာသို့ပြောကြားလိုက်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၅၀)က ဒိန်ဘင်ဖူးရှိပြင်သစ်ကိုလိုနီတပ်ဖွဲ့များ၏ သမိုင်းတွင်သည့် ရှုံးနိမ့်မှုကြီးသည် အီရတ်၌ပြင်းထန်သည့် ခုခံဆန့်ကျင်မှုကိုရင်ဆိုင်နေရသော အမေရိကန်ပြည်ထောင်စုအား အဖိုးတန်သည့် သင်ခန်းစာများကို ပေးနေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဒိန်ဘင်ဖူးသည် လာအိုနှင့် ဗီယက်နမ် နယ်စပ်ချိုင့်ဝှမ်းထဲ၌တည်ရှိပြီး ဗီယက်ကောင်းတပ်ဖွဲ့များက လာအိုနှင့် ဗီယက်နမ်



ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂျီယပ်

အလယ်ပိုင်းရှိ ပြင်သစ်တပ်ဖွဲ့များအား တိုက်ခိုက်နေသည်နှင့် တပြိုင်နက်ထဲတွင် ဒိန်ဘင်ဖူးတွင် တပ်အင်အားပိုမိုတိုးချဲ့ကာ အလျင်အမြန် စစ်ကစားနိုင်မှုကြောင့် ပြင်သစ်တပ်ဖွဲ့များ (၁၉၅၄) ခုနှစ် မေလ (၇)ရက်နေ့တွင် လက်နက်ချခဲ့သည်။

ပထမအင်ဒိုချိုင်းနားစစ်ပွဲသည် ပြင်သစ်ကိုလိုနီတပ်ဖွဲ့များနှင့် အင်ဒိုချိုင်းနားပြည်သူများ၏ ပြန်လည်နိုးထလာသည့် အမျိုးသားရေးစိတ်ဓာတ်များအကြား မရှောင်မလွှဲသာသည့် ပဋိပက္ခဖြစ်ပြီး (၁၉၄၅)ခုနှစ်မှ (၁၉၅၄) ခုနှစ်ထိ ရှည်ကြာခဲ့သည်။ ဒုတိယအင်ဒိုချိုင်းနားစစ်ပွဲမှာ (၁၉၅၄) ခုနှစ်မှ (၁၉၇၅) ခုနှစ်ထိကြာခဲ့ပြီး အမေရိကန်၏ ဆက်လက်ကျူးကျော်မှုအား ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ (၁၉၇၅) ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များ ရှုံးနိမ့်ကာ ဆုတ်ခွာသွားခဲ့ချိန်မှစတင်၍ ဗီယက်နမ် ပြန်လည်ပေါင်းစည်းကာ လွတ်လပ်ပြီး တစည်းတလုံးတည်းရှိသည့် သမတနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့သည်။

❖

## အီးယူသို့ (၁၀)နိုင်ငံ ထပ်မံဝင်ရောက် (၂၅)နိုင်ငံ အုပ်စုကြီးပေါ်ထွက်လာ

**[ဘီဘီစီ]**

မေလ(၁)ရက်နေ့က ဥရောပသမဂ္ဂ EUသို့ အဖွဲ့ဝင်သစ် (၁၀)နိုင်ငံ ထပ်မံဝင်ရောက်လာခဲ့ရာ နောက်ဆုံး အနေဖြင့် အားလုံး (၂၅)နိုင်ငံ ရှိလာခဲ့သည်။

အဖွဲ့ဝင်သစ် နိုင်ငံများမှာ ချက်သမတနိုင်ငံ၊ ဆလိုဗက်ကီးယား၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယား၊ လစ်သူအေးနီးယား၊ ပိုလန်၊ ဆလိုဗေးနီးယား၊ ဆိုက်ပရပ်သမတနိုင်ငံနှင့် မော်လ်တာ နိုင်ငံတို့ဖြစ်သည်။ EU ၌ ယခင် ကွန်မြူနစ်နိုင်ငံများ ပါဝင်လာခြင်းကြောင့် အနောက်အုပ်စုနှင့် နိုင်ငံရေး၊ စီးပွားရေးမိတ်ဆွေဖွဲ့မှုမှာ တရားဝင်ဖြစ်သွားပြီဖြစ်သည်။

ထို့ပြင် EUသည် တခုတည်းသော ကမ္ဘာ့အကြီးမားဆုံး ကုန်သွယ်ရေးအုပ်စုကြီး ဖြစ်ပြီး ယခုအခါ EUနိုင်ငံများအတွင်း တရားဝင်ပြောသည့် စကားပေါင်း (၂၀)ရှိလာပြီဖြစ်သည်။ ဤသို့ဘာသာစကားများနှင့် လူမျိုးများ များပြားလာခြင်းကြောင့် လုပ်ငန်းများ ပူးတွဲလုပ်ဆောင်သည့်အခါ၌ ပိုမိုခက်ခဲလာမည်ကို စိုးရိမ်ပူပန်နေကြသည်။ နောက်ထပ် စိုးရိမ်ပူပန်မှုတခုမှာ အသစ်ပါဝင်လာသည့်နိုင်ငံများ၏ အမြင်များက EU စည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်နေခြင်းပင်ဖြစ်သည်။

ဥပမာပြရလျှင် အီရတ်တွင် အမေရိကန်၏ကျူးကျော်မှုအား ပြင်သစ်နှင့် ဂျာမဏီက ဆန့်ကျင်ခဲ့ပြီး စပိန်၊ အီတလီနှင့် ဗြိတိန်က ထောက်ခံခဲ့သည်။ အရှေ့ဥရောပမှ အသစ်ဝင်လာသည့် နိုင်ငံအများစုမှာလည်း အီရတ်ကျူးကျော်မှုအား စိတ်ပါဝင်စားစွာ ထောက်ခံသူများ ဖြစ်သည်။ အများစုမှာ အီရတ်သို့ စစ်သားများ စေလွှတ်ခဲ့ကြသည်။

❖

## သတင်းတိုထွာ

### အီရတ်အကျဉ်းသားများလွှတ်ပေး

**[စီအင်န်အင်န်]**

အီရတ် အကျဉ်းသားများအပေါ် ရက်စက်စွာပြုမူသည့် အရှုပ်တော်ပုံအပြီး မေလ (၂၁)ရက်နေ့က ဘဂ္ဂဒက်အနီးရှိ အဘူဂရိတ်အကျဉ်းထောင်မှ အီရတ်အကျဉ်းသား (၄၇၂)ဦး အား လွှတ်ပေးလိုက်သည်။ ပြီးခဲ့သည့်နွေရာသီက ဤအကျဉ်းထောင်အား အမေရိကန် တပ်ဖွဲ့များက သိမ်းပိုက်ချိန်မှစ၍ အကျဉ်းသား (၆,၀၀၀)ခန့်ကို ထိန်းသိမ်းခဲ့ရာ ယခုအကြိမ် လွှတ်ပေးပြီးနောက် အကျဉ်းသား (၃,၀၀၀) ထိ ကျန်ရှိဦးမည်ဖြစ်သည်။ အဘူဂရိတ် အကျဉ်းထောင်သည် ဆက်ဒမ်ဟူစိန်ခေတ်က နာမည်ဆိုးဖြင့်ကျော်ကြားသည့် အကျဉ်းထောင်ဖြစ်သည်။ ❖

### ပါလက်စတိုင်းအရေး

**[အေပီ]**

ဤဆယ်စုနှစ်အတွင်း ဂါဇာကမ်းမြောင်ဒေသ၌ပြုလုပ်သည့် အစ္စရေးတို့၏အကြီးမားဆုံး ထိုးစစ်ကြီးအပြီး၌ အရပ်သားများအားသတ်ဖြတ်မှုကို အပြင်းအထန်ရှုံ့ချသည့် ဆုံးဖြတ်ချက်တရက်ကို မေလ(၁၉)ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ထောက်ခံမဲ (၁၄–၀)ဖြင့် ချမှတ်ခဲ့သည်။ အစ္စရေးဆန့်ကျင်သည့် ဆုံးဖြတ်ချက်တိုင်းအား အမြဲတန်းဆန့်ကျင်သည့် အမေရိကန်ပြည်ထောင်စုကပင် ဤအကြိမ်တွင် မဲမပေးဘဲ ကြားနေခဲ့သည်။ မေလ(၁၈)ရက်နေ့မှစတင်သည့် ဤတိုက်ခိုက်မှုတွင် ပါလက်စတိုင်း(၄၀)နီးပါး သေဆုံးခဲ့သည်။❖

### အစ္စရေး စစ်ရာဇဝတ်မှု

**[အေပီ]**

အစ္စရေးနှင့်အီဂျစ်နယ်စပ်၊ ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာဒုက္ခသည်စခန်း၌ နေထိုင်သည့် ပါလက်စတိုင်းတို့၏ အိုးအိမ် (၃၀၀၀)ကျော်အား အစ္စရေးစစ်တပ်က ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းခွင့်အဖွဲ့က ဤလုပ်ရပ်ကို စတုတ္ထအကြိမ်မြောက်ဂျီနီဗာ သဘောတူညီချက်အား အကြီးအကျယ်ချိုးဖောက်သည့် စစ်ရာဇဝတ်မှုအဖြစ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချလိုက်ပြီး ဤဖောက်ခွဲဖျက်ဆီးမှုအား ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုလိုက်သည်။ ထောင်သောင်းများစွာသော ဒုက္ခသည်များမှာ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြသည်။ ရာဖာဒုက္ခသည်စခန်း၌ လူဦးရေ(၉၀၀၀၀)ရှိပြီး၊ တောင်ပိုင်းဂါဇာ၊ ရာဖာမြို့အနီးရှိ ဒုက္ခသည်စခန်း(၇)ခုတွင် အကြီးဆုံးဖြစ်သည်။ အစ္စရေးနိုင်ငံသစ်စတင်ထူထောင်သည့် ၁၉၄၉ ခုနှစ်မှ စတင်၍ လူပေါင်း (၄၁၀၀၀)ကျော် နေထိုင်လာခဲ့ကြပြီး အစ္စရေးတို့ ဂါဇာကမ်းမြောင်ဒေသအား ဝင်ရောက်သိမ်းပိုက်သည့် ၁၉၆၇ ခုနှစ်မှစပြီး တဖြည်းဖြည်းတိုးများလာခဲ့သည်။ ❖

### အီရတ်စစ်ပွဲအတွင်း အကျအဆုံး စာရင်း

**[စီအင်န်အင်န်]**

၂၀၀၄ ခုနှစ် မေလ(၂၈)ရက်နေ့အထိ ကျဆုံးသွားသော အမေရိကန်နှင့်ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း(၉၁၆)ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား (၈၀၆)ဦး၊ ဗြိတိသျှစစ်သား (၅၉)ဦး၊ အီတလီစစ်သား (၁၈)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ဘူဂေးရီးယားစစ်သား (၆)ဦး၊ ယူကရိန်းစစ်သား (၆)ဦး၊ ပိုလန်စစ်သား(၄)ဦး၊ ထိုင်းစစ်သား (၂)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ အက်စ်တိုးနီးယားစစ်သား (၁)ဦးနှင့် ဆာလဗေးဒိုးစစ်သား (၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်း ဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၄,၅၂၄) ဦးရှိပြီး ဖြစ်သည်။ ❖

### တမီလ်ကျားနှင့်အိန္ဒိယအစိုးရသစ်

**[TPI]**

လွန်ခဲ့သည်(၁၃)နှစ်က အိန္ဒိယဝန်ကြီးချုပ်ဟောင်းရာဂျစ်ဂန္ဒီ လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်၌ ၎င်းတို့အပေါ်ပြဋ္ဌာန်းထားသည့် ပိတ်ဆို့ဒဏ်ခတ်မှုအား တိုးချဲ့ခြင်းကို ပြန်လည်စဉ်းစားရန် တမီလ်အမျိုးသားမဟာမိတ် ကိုယ်စားလှယ်များမှတဆင့် သီရိလင်္ကာတမီလ်ကျားသူပုန်များက အိန္ဒိယအစိုးရအား တောင်းဆိုလိုက်သည်။ လွန်ခဲ့သည့် (၂)ပတ်က ဥပဒေနှင့်မညီသည့်ဆောင်ရွက်မှုများ တားမြစ်သည့်အက်ဥပဒေအရ တမီလ်ကျားများအပေါ် ပိတ်ဆို့မှု နောက်ထပ်(၂)နှစ်တိုးချဲ့သည့် ဆုံးဖြတ်ချက်ကို အိန္ဒိယအစိုးရကချမှတ်ခဲ့သည်။❖

# ဥပဒေသာ အမြင့်ဆုံး

**မင်းလွင်**

ဥပမာအားဖြင့် မှုခင်းတရပ်ဖြင့် ရဲက ဖမ်းဆီးချုပ်နှောင်ထားပါက (၂၄) နာရီ အတွင်းတရားရုံးသို့တင်ပို့ပေးရမည်ဖြစ် သည့်အပြင် ရဲမှ အာမခံပေးနိုင်သည့် အမှု ဖြစ်ပါက ရဲအာမခံဖြင့် တရားခံအား ပြန် လွှတ်ပေးရမည် ဖြစ်သည်။

ပထမဆုံး အမျိုးသမီးငယ်(၂)ဦးက ကျုံကဒွန်း ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားတဲ့ အမှုဟာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၇၆) မုဒိမ်းမှုဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင် ရှားရင် ထောင်ဒဏ်(၁၀)နှစ်နဲ့ ငွေဒဏ်ကိုပါ ချမှတ်နိုင်တဲ့အတွက် ရဲအရေးပိုင်တဲ့ အမှုဖြစ် ပါတယ်။ ဒါ့အပြင် မုဒိမ်းမှုဟာ ကျေအေးလို့ ရတဲ့အမှုလည်း မဟုတ်ပါဘူး၊ တရားလို၊ တရားခံ နှစ်ဦးနှစ်ဖက် ကျေနပ်စေဦး၊ နိုင်ငံ တော်က ကျေအေးလို့မရနိုင်တဲ့ အမှုများထဲ မှာ ထည့်သွင်းသတ်မှတ်ထားတဲ့အတွက် နှစ်ဦးနှစ်ဖက် ကျေနပ်ရုံမျှနဲ့ ကျေအေးလို့

(က)တရားခံဖြစ်သူ ဦးစံနက်ကျော်ကို အရေးယူနိုင်ရန် အထောက်အထားသက်သေ ခံချက်များခိုင်လုံသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၆/၅၁၁ ဖြင့်အမှုဖွင့်အရေးယူရန် မြို့နယ်အေးချမ်းသာယာရေးကော်မတီနှင့် ခရိုင် အေးချမ်းသာယာရေးကော်မတီတို့က ခွင့်ပြုခဲ့ပြီးဖြစ်သည့်အပြင် ကျုံကဒိုးရဲစခန်းမှ လည်း အမှုတွဲနံပါတ် ၅၈၆ (၂၀၀၂)ဖွင့်လှစ် ၍ လိုအပ်သည့် သက်သေခံချက်များကို ရယူ ခဲ့သည်။ တရားလိုများ စွဲဆိုထားသည့်အမှု သည် သက်သေအထောက်အထား မခိုင်လုံ လျှင် သက်ဆိုင်ရာရဲစခန်းအား ခိုင်လုံသော သက်သေခံချက်များ ရယူရန်နှင့်လိုအပ်သော စုံစမ်းထောက်လှမ်းမှုများပြုလုပ်ရန် ညွှန် ကြားနိုင်သည်။ သို့သော် ယခုအမှုတွင် ထိုကဲ့ သို့ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။

ဒီနေရာမှာ နစ်နာတဲ့ တရားလိုဖြစ်သူ မိန်းကလေး(၂)ဦးနဲ့ တရားလို ပြသက်သေ

ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်စေရန်အတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန် ပြည်သူများ က တိုင်တန်းတင်ပြလာသည့် ကိစ္စရပ်များကို စီစစ်ပြီး ရှေ့နေချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်သာ ဖြစ်သည်။ တဆက် တည်းမှာပဲ ဥပဒေအကြံပေးရေးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတခုခု၏ ဆောင် ရွက်ချက်မှာ ဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိပါက ရှေ့နေချုပ်၏လမ်းညွှန်ချက် နှင့်အညီ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းသို့ ညွှန်ပြရမည်(၂)ဆိုတဲ့ ရှေ့နေချုပ်နည်းဥပဒေ ပြဋ္ဌာန်းချက်နဲ့ဆိုရင် လုံးဝကို လွဲချော်နေတာ ကို တွေ့ရပါလိမ့်မယ်။ ဒီ့အပြင် ဥပဒေရုံး အဆင့်ဆင့်သည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတခုခု၏ ဆောင်ရွက်ချက်မှာ

> ❝ ရေးဆွဲထားတဲ့ ဥပဒေနည်း ဥပဒေတွေကတော့ ကောင်းမှကောင်းလို့ ပြောရမှာပါ။ တကယ်တန်း လက်တွေ့မှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့အတိုင်း မဖြစ်လာတာဘဲ ဥပဒေ နည်းဥပဒေများဟာ သက်ဝင်လာခြင်း မရှိဘဲ စာအုပ်ထဲမှာဘဲရှိနေကြတာကို တွေ့မြင်နေရပါတယ်။ ❞

မရပါဘူး။ ဒါပေမယ့်လည်း တရားခံ စံနက် ကျော်ဟာ (၁၉၈၈ မှ ယနေ့အထိ) ရယက ဥက္ကဋ္ဌဖြစ်နေတဲ့အတွက် ကျုံကဒွန်းရဲစခန်း က အမှုဖွင့်မပေးခဲ့ပါဘူး၊ နစ်နာသူများ၊ မတရားကျူးလွန်ခြင်းခံရသူများက မယက၊ ခယကတို့ကို ဆက်ပြီးတိုင်တန်းတော့မှ (၁၂-၁၂-၂၀၀၂) ရက်နေ့မှာ ပထမ သတင်းပေး တိုင်ချက် ပ/၅၈၆ နဲ့ အမှုဖွင့်ခဲ့ပေမယ့် တရားခံကို ရဲအချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်း ထားခြင်းမပြုဘဲ လွှတ်ထားခဲ့ပါတယ်။ ရဲက စံနက်ကျော်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ နှင့်အညီ ဖမ်းဆီးခဲ့ခြင်းမပြုတဲ့အတွက် အာမခံ တွေ၊ ခံဝန်တွေလည်း လုပ်နေစရာမလိုတော့ ပါဘူး၊ ကျုံကဒွန်း ရဲစခန်းက သက်သေစစ် ချက်များရယူပြီးတဲ့အခါ ဖျာပုံမြို့နယ် ဥပဒေ ရုံးကို ဥပဒေအကြံဉာဏ် တောင်းခံတဲ့အခါ မြို့နယ်ဥပဒေရုံးက ခရိုင် ဥပဒေရုံးကို ထပ်ဆင့် လွှဲအပ်ပို့ပေးလိုက်ပါတယ်။ ခရိုင် ဥပဒေအရာရှိဖြစ်သူ ဦးဟန်ငြိမ်းက ကျုံဒွန်း ရဲစခန်းမှာဖွင့် ထားတဲ့အမှုကို ဥပဒေအကြံ ဉာဏ်ပေးတဲ့အခါမှာ အမှုကို ဆက်လက် ဆောင်ရွက်ရန် မသင့်ဟုအကြောင်း ပြန်ကြား ခဲ့ကြောင်း ကျုံကဒွန်း ရဲစခန်းမှ ဒုရဲအုပ်ဖြစ် သူ စိုင်းမြင့်အေးက ဖျာပုံမြို့နယ် တရားရုံး၊ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေထံ တင်ပြ ထွက်ဆိုခဲ့တာကို တွေ့ရှိရပြန်တယ်။ မည်သည့်အကြောင်းပြချက်ကြောင့် ဆက် လက်ဆောင်ရွက်ရန် မသင့်ကြောင်းကိုမှု ပြည့်စုံစွာ ဖော်ပြထားခြင်း မရှိပေ။

ဥပဒေ၊ နည်းဥပဒေများနှင့် မညီသည့် လုပ်ဆောင်ချက်များ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများရဲ့ ထင်မြင်ချက်တို့ကို တရားရုံးတရားသူကြီး ရှေ့မှောက်မှာ အမှုမစစ်ဆေးရသေးဘဲနဲ့ အမှုကို ခရိုင်ဥပဒေအရာရှိရဲ့ ထင်မြင်ချက် တခုတည်းပေါ်မှာ မူတည်ပြီး အမှုပိတ်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ တရားရုံးကလည်း ခရိုင်ဥပဒေအရာရှိရဲ့ အကြံပေးချက်အပေါ် မှာမူတည်ပြီး ကျုံကဒိုးရဲစခန်းတွင် ဖွင့်လှစ် ထားသည့်အမှုတွဲ နံပါတ် ၅၈၆ (၂၀၀၂) ကို ပိတ်ခွင့်ပြုခဲ့တာကို တွေ့ရပါတယ်။

ဖျာပုံမြို့နယ် တရားသူကြီးအနေနဲ့ တရားရုံးရဲ့စီရင်ပိုင်ခွင့် အာဏာကိုအသုံး ပြုပြီး အမှုကို ဆက်လက်စစ်ဆေးသွားပြီးမှ ပေါ်ပေါက်လာတဲ့ သက်သေ အထောက်အထား တွေကိုသုံးသပ်ပြီး၊ အမှုကို ဆက်လက်စစ် ဆေးခြင်း၊ အမှုကို ရုပ်သိမ်းခွင့်ပြုခြင်းတို့ကို ကျင့်သုံးနိုင်တဲ့ အခွင့်အာဏာရှိပါတယ်။ ဒါပေမယ့် မလုပ်ခဲ့ပါဘူး တဆက်တည်းမှာပဲ မုဒိမ်းမှုမှာ တရားလိုအဖြစ် တရားစွဲဆိုထား သူတွေဖြစ်တဲ့ မစမ်းစမ်းအေးနဲ့မအေးမိစံ တို့ကိုပါ တရားခံအဖြစ်နဲ့ အမှုစွဲဆိုဖို့ ဥပဒေ ပုဒ်မတွေနဲ့ ခရိုင်ဥပဒေအရာရှိ ဦးဟန်ငြိမ်း က ထပ်ဆင့်ညွှန်ကြားခဲ့တာကို တဆက်ထဲ မှာဘဲတွေ့ရပြန်တယ်။ ရဲတွေအပေါ်မှာ စံနက်ကျော် ဘယ်လောက်ထိ ဩဇာသက် ရောက်မှုရှိတယ် ခရိုင်ဥပဒေရုံး၊ တိုင်း ဥပဒေ ရုံးတို့ကို ဘယ်လောက်ထိ လွှမ်းမိုး နိုင်တယ် ဆိုတာ သိသာမြင်သာတဲ့ အချက်တွေဖြစ်ပါ တယ်။

၁။ ဥပဒေ အကြံဉာဏ်ပေးရေးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ဥပဒေနှင့်အညီ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ စိစစ် တွေ့ရှိပါက မိမိ၏ သဘောထား မှတ်ချက်နှင့် အတူ ရှေ့နေချုပ်ရုံးသို့တိုက်ရိုက် တင်ပြ ရမည်(၃)ရေးဆွဲထားတဲ့ ဥပဒေနည်း ဥပဒေ တွေကတော့ ကောင်းမှကောင်းလို့ ပြောရ မှာပါ။ တကယ်တန်းလက်တွေ့မှာ ရေးဆွဲ ပြဋ္ဌာန်းထားတဲ့ အတိုင်းမဖြစ်လာတာဘဲ ဥပဒေနည်းဥပဒေများဟာ သက်ဝင်လာခြင်း မရှိဘဲ စာအုပ်ထဲမှာဘဲရှိနေကြတာကို တွေ့မြင်နေရပါတယ်။ ဘာကြောင့်လဲဆိုတော့ ခရိုင်ဥပဒေရုံးသည် ဥပဒေအကြံ ပေးရာ တွင်မိမိ၏ ကနဦး ဥပဒေအကြံပေးချက် မိတ္တူကို ပြည်နယ်၊ တိုင်း ဥပဒေရုံးသို့ ပေးပို့ ရမည်။ ပြည်နယ်နှင့် တိုင်းဥပဒေရုံးသည် ခရိုင်ဥပဒေရုံး၏ ဥပဒေအကြံပေးချက်မိတ္တူကို စိစစ်ပြီးနောက် အတည်ပြုလျှင် အတည်ပြု ချက်ကိုလည်းကောင်း၊ ပြင်ဆင်သင့်ကြောင်း တွေ့ရှိရလျှင် ပြင်ဆင်အကြံပြုချက်ကို လည်းကောင်း ခရိုင်ဥပဒေရုံးသို့ ပြန်ကြား ရမည်။ ပြည်နယ်၊ တိုင်းဥပဒေရုံးသည် ယင်း သို့ ပြန်ကြားသည့် စာမိတ္တူကို ခရိုင်ဥပဒေ ရုံး၏ အကြံပေးချက် မိတ္တူနှင့်အတူ ရှေ့နေ ချုပ်ရုံးသို့ ပေးပို့ရမည်။

ယခုအမှုတွင် ကျုံကဒိုးရဲစခန်းမှ ဥပဒေ အကြံဉာဏ်တောင်းခံသည့် ကိစ္စသာလျှင်ဖြစ်ရာ ခရိုင်ဥပဒေအရာရှိအနေဖြင့် ဥပဒေနှင့် ညီညွတ်သည့် တရားစွဲဆိုမှု ဖြစ်စေရန် လိုအပ် သည့်အချက်များကို အပြည့်အစုံ ဖော်ပြ၍ အကြံဉာဏ်ပေးရုံမျှသာ ဖြစ်သည်။

ရှေ့လဆက်ရန် ❍

## အဓမ္မလုပ်အားခိုင်းစေမှုတိုင်ကြားသူများအား အမှုဆင်ဖမ်းဆီးရန် နအဖအမိန့်ထုတ်

**မေ၊(၂၀)ရက်။**

ရန်ကုန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO) ရုံးတွင် အဓမ္မ လုပ်အားခိုင်းစေမှုများနှင့် ပတ်သက်၍ တိုင်ကြားသူများနှင့်တိုင်ကြားရန် နောက်ကွယ် မှ အားပေးလှုံ့ဆော်နေသူများကို ဖမ်းဆီး အရေးယူရန် နအဖက ညွှန်ကြားချက်ထုတ် ပြန်ထားကြောင်း သိရသည်။

မေ(၁၃)ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အဆိုပါညွှန်ကြားချက်တွင် ဒေသဖွံ့ဖြိုးရေး အတွက် လုပ်အားပေးခိုင်းခြင်းကို အဓမ္မ ခိုင်းစေမှုအဖြစ် တိုင်ကြားသူများနှင့် တိုင်ကြား ရန် နောက်ကွယ်မှ အားပေးလှုံ့ဆော်နေသူ များကို စုံစမ်းဖော်ထုတ်အရေးယူရန်နှင့် ထိုသို့လုပ်ဆောင်သူများအား ရာဇဝတ်မှု တခုခုနှင့်အမှုဆင်ဖမ်းဆီး၍ အပြစ်ပေးအရေး ယူရန် ညွှန်ကြားထားကြောင်း သိရသည်။

ထို့အပြင် ယခုလိုတိုင်ကြားမှုများသည် အစိုးရကို အတိုက်အခံပြုလုပ်နေသည့် နိုင်ငံ ရေးပါတီများနှင့် ပြည်ပရောက် အတိုက် အခံနိုင်ငံရေးအဖွဲ့အစည်းများက စည်းရုံး လှုံ့ဆော်နေခြင်းကြောင့်ဖြစ်သည်ဟု ထည့်သွင်း ဖော်ပြထားသည်။

အခြားသတင်းတရပ်အရ ယခုအခါ ရန်ကုန်မြို့ရှိ ILO ရုံးနှင့် နအဖဝန်ကြီးချုပ်ထံ အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားချက် များ တနေ့တခြား များပြားလာနေရာ ယခု နှစ်ဆန်းပိုင်း ဇန်နဝါရီလမှ ဧပြီလအတွင်း တိုင်ကြားချက်ပေါင်း (၃၅)စောင်ရှိခဲ့ပြီဟု မြန်မာနိုင်ငံဆိုင်ရာ ILO အရာရှိ ရစ်ချတ် ဟော်ဆေးက ဘန်ကောက်ဆွေးနွေးပွဲတွင် ပြောကြားသွားခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတပုဒ်တွင် ဖော်ပြထားသည်။

နအဖ စစ်အုပ်စုသည် မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားခိုင်းစေမှုများပပျောက်ရန် ကာကွယ်သည့် ဥပဒေတရပ်ကို (၂၀၀၀) ခုနှစ်တွင် ထုတ်ပြန်ထားသော်လည်း ပြည်နယ် နှင့်တိုင်း ဒေသခံအာဏာပိုင်များက လိုက်နာ ခြင်းမရှိဘဲ ပြည်သူလူထုအပေါ် အဓမ္မ လုပ်အားစေခိုင်းနေဆဲဖြစ်သည်။ ❖

## ရခိုင်ပြည်နယ် တောင်ကုတ်အခြေစိုက် နအဖစစ်တပ်၏ အဓမ္မခိုင်းစေမှု ဒေသခံတို့ အိုင်အယ်လ်အိုသို့ တိုင်ကြား



နအဖမှ အဓမ္မလုပ်အားစေခိုင်းခံနေရသော ပြည်သူများ

**မေ၊(၄)ရက်။ [ဒီဗွီဘီ]**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ် အခြေစိုက် နအဖ စစ်တပ်၏ အဓမ္မခိုင်းစေမှု ကို မကျေနပ်သဖြင့် ဒေသခံများစုပေါင်းပြီး ရန်ကုန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO ရုံးထံ ပြီးခဲ့သည့် လ (၂၈)ရက်နေ့က တိုင်ကြားစာ ပေးပို့ လိုက်ကြောင်း သိရှိရသည်။

တောင်ကုတ်အခြေစိုက် ခမရ(၅၄၄) နှင့် ခမရ(၃၄၆)တို့က တပ်ခွဲမှူးများဖြစ်သည့် ဗိုလ်မှူးစိုးကြည်လင်၊ ဗိုလ်မှူးကျော်လင်း၊ ဗိုလ်ကြီးဝင်းသိန်းဦးနှင့် တပ်ကြပ်ကြီးထွန်းရွှေ၊ တပ်ကြပ်ကြီးကျော်ငွေ၊ တပ်ကြပ်ငမဲခေါင်တို့ အနီးကပ်ကြီးကြပ်၍ လမုတိုက်နယ်ရှိ ကျေးရွာအုပ်စု (၂၀) ကျော်တို့မှ ဒေသခံရွာ သား(၈၀၀)ကျော်တို့အား ပုဇွန်နှင့် ငါးကန် များ အဓမ္မတူးခိုင်းခြင်း၊ တာတမံဖို့ခိုင်း ခြင်းတို့ကြောင့် ဒေသခံရွာသားများသည် အဓမ္မလုပ်အား ခိုင်းစေခြင်းမှလွတ်ကင်းရန် ရှောင်ပုန်းနေခဲ့ရာ နအဖစစ်တပ်နှင့် မယက အတွင်းရေးမှူး ဦးထွန်းခင်တို့က ဗူးရွှေ မော်ရွာမှ အမျိုးသမီး များဖြစ်သည့် မဝိုင်း၊ မမေသန်း၊ မခင်မာ၊ မခင်မေဝင်း၊ မခင် သန်းအေး၊ ဒေါ်လုံးတင် နှင့် ဒေါ်ခိုင်ကြည် အပါအဝင် အမျိုးသမီး (၅၀)ကျော်တို့အား လုပ်အားပေးခိုင်းရန် အချိန်မတော်ခေါ် ဆောင်သွားခဲ့ကြောင်း သိရသည်။

နအဖစစ်တပ်နှင့် မြို့နယ်အာဏာပိုင် များက အမျိုးသမီးများအပါအဝင် ယခုလို အတင်းအကြပ်ဖမ်းဆီး အဓမ္မလုပ်အားခိုင်း စေနေခြင်းကို ရခိုင်ပြည်နယ်အတွင်း ပြည်သူ လူထုက မကျေနပ်သည့်အတွက် စုပေါင်း လက်မှတ်ရေးထိုး၍ ဧပြီလ(၂၈) ရက်နေ့ တွင် ရန်ကုန်မြို့ရှိ ILO ရုံးသို့ တိုင်ကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

❖

# အဖွဲ့ချုပ်နှင့်တိုင်းရင်းသားနိုင်ငံရေးပါတီများ တစိတ်တဝမ်းထဲဖြစ်ကြောင်းပြသ နအဖညီလာခံသို့ အဖွဲ့ချုပ်မတက်သလို တိုင်းရင်းသားပါတီများလည်း တက်မည်မဟုတ်



ဒေါ်အောင်ဆန်းစုကြည်အား တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူတွေ့ရစဉ်

မေ၊(၁၅)ရက်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားညီလာခံမတက်ရောက်တော့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် အဖွဲ့ချုပ်နှင့် မဟာမိတ်ပါတီများဖြစ်ကြသော တိုင်းရင်းသားအဖွဲ့အစည်းများ ဖြစ်ကြသည့် ယူအဲန်အေခေါ် ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့နှင့် ယူအဲန်အယ်လ်ဒီခေါ် ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ကလည်း အမျိုးသားညီလာခံ မတက်ရောက်တော့ကြောင်း ဆုံးဖြတ်လိုက်ကြသည်။

တောင်းဆိုချက်များ အပြည့်အဝမရသည့်အတွက် အမျိုးသားညီလာခံကို မတက်ရောက်နိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မေ (၁၄) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တိုင်းရင်းသားပါတီများကလည်း ယင်းတို့နှင့် တောင်းဆိုချက်ချင်းတူညီနေသည့်အတွက် ညီလာခံမတက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု တိုင်းရင်းသား (၂၇)ပါတီနဲ့ဖွဲ့စည်းထားသည့် ယူအဲန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးထောင်ကိုထန်းက ရှင်းပြခဲ့သည်။

သို့ရာတွင် နအဖက ယခုလို ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည့် အဖွဲ့ချုပ်နှင့်ရွေးကောက်ပွဲ အနိုင်ရ တိုင်းရင်းသားပါတီများက ညီလာခံ တက်ရောက်ခြင်းမပြုသော်လည်း ၎င်းတို့ အနေဖြင့် ညီလာခံကို အောင်မြင်အောင် ဆက်လက်ကျင်းပသွားမည်ဟု ပြောဆိုခဲ့သည်။

ထိုပြောဆိုချက်ကို ဦးထောင်ကိုထန်းက နိုင်ငံရေးအရ ချောချောမောမောသွားနိုင်ရန် အခြေအနေသိပ်မရှိဟုဆိုခဲ့ပြီး''ကျနော်တို့ဦးတည်ရမှာက ဒီမိုကရေစီနိုင်ငံကိုဦးတည်ဖို့ ဒီမိုကရေစီနိုင်ငံကိုထူထောင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရမှာဆိုတော့ အဓိကပါဝင်ရမယ့် ပုဂ္ဂိုလ်တွေ မရှိဘူးဆိုရင်တော့၊ မပါဝင်နိုင်ဘူးဆိုရင်တော့လည်း ဒီဥစ္စာက ချောမွေ့သင့်သလောက် ချောမွေ့မှာ မဟုတ်ဘူး၊ ပြောရဆိုရဦးမယ်။ အဲဒီမှာ ပြန်လည်ညှိနှိုင်းဖို့ရှိဦးမယ်။ အဆင်ပြေမှာ မဟုတ်ဘူးဆိုတာကိုတော့ သေချာပါတယ်''ဟု လွတ်လပ်သည့်အာရှအသံသို့ ပြောကြားခဲ့သည်။

အလားတူ စည်းလုံးညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့ ယူအဲန်အေကလည်း မေလ(၁၄)ရက်နေ့ ညနေမှာ အစည်းအဝေးတရပ်ပြုလုပ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ညီလာခံမတက်ခြင်းအပေါ် ကြိုဆိုကြောင်းပြောကြားခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ စည်းလုံးညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ ယူအဲန်အေပြောခွင့်ရပုဂ္ဂိုလ် ဇိုမီးအမျိုးသားကွန်ကရက်ဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်က ''ဒီညီလာခံဟာ ပြည်သူ့ဆန္ဒအရ မဟုတ်ဘူး၊ ပြည်သူလူထုက သဘောမတူတဲ့ ဆန္ဒမပြုတဲ့ ညီလာခံဖြစ်တယ်။ အဲဒါကြီးကို ပြန်လည်အသက်သွင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုကတည်းကိုက ကျနော်တို့က ဒါကပြည်သူ့သဘောကို ဆန့်ကျင်တဲ့ညီလာခံပဲ။ ဆိုတော့ အခု အဲန်အယ်လ်ဒီက အဲဒီလိုလုပ်တော့ ပြည်သူလူထုဆန္ဒကို တော်တော်လေးလေးစားတဲ့ ပါတီပဲဆိုပြီးတော့ ကျနော်တို့က အဲဒီလိုပဲယူဆတယ်''ဟု ပြောကြားသွားခဲ့သည်။

ဆက်လက်၍ ယခုညီလာခံသည် ပြည်သူထောက်ခံမှုမရသလို ကမ္ဘာ့အဖွဲ့အစည်းများကလည်း လက်ခံနိုင်မည် မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ ❖

# ပိုလ်ချုပ်ကြီးတာမလာဘော အဲန်စီယူဘီတစ်ပေါင်းစု ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရ သတ္တမအကြိမ်ညီလာခံအောင်မြင်စွာကျင်းပပြီးစီး

**မေလ၊(၈)ရက်။**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၏ သတ္တမအကြိမ်ညီလာခံကြီးကို လွတ်မြောက်နယ်မြေတနေရာတွင် (၃–၅–၂၀၀၄)ရက်နေ့မှ (၈–၅–၂၀၀၄ )ရက်နေ့ အထိကျင်းပခဲ့ရာ ထိုညီလာခံမှနေ၍ ''သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ထွန်းရေးနှင့် ၁၉၉၀–ပြည့် ရွေးကောက်ပွဲရလဒ်အား အခြေခံသည့် ပြည်သူ့လွှတ်တော်ခေါ်ယူရေး'' ကို လတ်တလော မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ မှုကြီး အမှုမှန်ပေါ်ပေါက်ရေးကို စစ်အုပ်စုက တာဝန်ယူဖြေရှင်းပေးရေးနှင့် တိုင်းရင်းသားဒေသများတွင် မျိုးဖြုတ်စစ်ဆင်နေမှုများ၊ ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများအား အလျင်အမြန်ရပ်တန့်ရန်နှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မှန်ကန်စွာဖြေရှင်းရန် နအဖကို တောင်းဆိုလိုက်သည်။

ထို့နောက် အတုအယောင် အမျိုးသားညီလာခံကို ရပ်ဆိုင်း၍၊ စစ်မှန်သော နိုင်ငံရေးအရ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို စတင်ရေးနှင့် နိုင်ငံရေးပါတီများ လွတ်လပ်




ရွေးချယ်တင်မြှောက်ခံရသော အဲန်စီယူဘီ သဘာပတိအဖွဲ့

စွာလှုပ်ရှားခွင့်၊ လွတ်လပ်သော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ စာနယ်ဇင်း လွတ်လပ်ခွင့် စသောဒီမိုကရေစီ အခြေခံများနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်မြောက်လာရေး အတွက် တိုင်းရင်းသားအင်အားစုများ အကြား လွတ်လပ်စွာ တွေ့ဆုံညှိနှိုင်းနိုင်ရန် တတိုင်းပြည်လုံးအပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် စသည့်အချက်များအား တောင်းဆိုခဲ့ကြောင်း သိရသည်။ ❖

ထို့အပြင် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် နိုင်ငံရေးအင်အားစုများက အားလုံး ဟန်ချက်ညီ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို့အပြင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ အလျင်အမြန် လွှတ်ပေးရေး၊ ယမန်နှစ်ကဖြစ်ပွားခဲ့သည့် မေလ (၃၀)ရက် ဒီပဲယင်းနိုင်ငံတော်လုပ်ကြံ

# တောင်ကိုရီယားလူ့အခွင့်အရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်ဒေါ်စန်းစန်းလက်ခံရယူ



ဂွမ်ဂျူး လူ့အခွင့်အရေးဆုချီးမြှင့်ပွဲအခမ်းအနား၌ အဲန်အယ်ဒီအယ်လ်အေ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ဆုလက်ခံရယူအပြီးတွေ့ရစဉ်

မေလ (၁၈)ရက်နေ့က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပသည့် ဂွမ်ဂျူး လူ့အခွင့်အရေးဆု ချီးမြှင့်ပွဲအခမ်းအနားသို့ ဆုရရှိသူ ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်း အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါ်စန်းစန်းတက်ရောက်ခဲ့ပြီး ဆုအား လက်ခံရယူခဲ့သည်။

ထိုအခမ်းအနားသို့ လက်ရှိသမတ နိုမြွန်ဟွန်းနှင့် နိုင်ငံတကာမှ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မေ(၁၈)အောက်မေ့ဖွယ်ဖောင်ဒေးရှင်း အဖွဲ့ကြီး၏ဥက္ကဋ္ဌဖြစ်သူ ဖတ်ဆော့မူးက ၁၉၈၈ ခုနှစ် အရေးတော်ပုံသည် ဂွမ်ဂျူးအရေးတော်ပုံနှင့် ထပ်တူထပ်မျှ တူညီသည့်အတွက် ကိုယ်ချင်းစာ နားလည်မိပါကြောင်းပြောကြားခဲ့ပြီး မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် ၎င်းတို့က တတ်နိုင်သမျှအားပေး ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ မေ(၁၈) အောက်မေ့ဖွယ်ဖောင်ဒေးရှင်းအဖွဲ့ကြီးက ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအတွက် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်နေသူများအား ချီးမြှင့်သည့် ဂွမ်ဂျူးလူ့အခွင့်အရေးဆုကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၄ ခုနှစ်အတွက် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌ ဦးဝင်းခက်တို့ တက်ရောက်ခဲ့ကြသည်။ ❖

# ညီလာခံတွင်လွတ်လပ်စွာဆွေးနွေးခွင့်ရရေးနှင့် စစ်တပ်၏အခန်းကို ပြန်သုံးသပ်ရန် အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များတောင်းဆို

မေ၊(၁၁)ရက်။

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ဖိတ်ကြားခံရသည့် စစ်အုပ်စုနှင့်အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များက ညီလာခံတွင် ဒီမိုကရေစီနည်းလမ်းအရ လွတ်လပ်စွာဆွေးနွေးခွင့်ရရှိရေးနှင့် ဦးတည်ချက်(၆)ချက်တွင်ပါဝင်သည့် စစ်တပ်၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ရန် စစ်အုပ်စုထံ စာရေးတောင်းဆိုခဲ့သည်။

အမျိုးသားညီလာခံ၏နိုင်ငံရေး ဦးတည်ချက်များအနက် နံပါတ်(၆)သည် ဒီမိုကရေစီလုပ်ထုံးနည်းများ၊ လူထု၏ဆန္ဒများနှင့် မကိုက်ညီသည့်အတွက် ဆွေးနွေးညှိနှိုင်းပြင်ဆင်ခွင့်ရရှိရန် လိုအပ်ကြောင်း ထိုစာတွင် ဖော်ပြထားသည်။

ထို့ပြင် ယခင်ညီလာခံကချမှတ်ထားသည့် အခြေခံမူ(၁၀၄)တွင် ဒီမိုကရေစီနည်းလမ်းမကျသောအချက်များအား ပြန်လည်ဆွေးနွေးခွင့်ရရန်နှင့်၊ ညီလာခံကျင်းပနေစဉ် အဖွဲ့အစည်းအချင်းချင်း လွတ်လပ်စွာတွေ့ဆုံခွင့်ရှိရေး၊ သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းများကို လွတ်လပ်စွာ ဆက်သွယ်ခွင့်ရှိရေးတို့ကို တောင်းဆိုခဲ့သည်။

၁၉၉၀–ပြည့် ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ် အားလုံးပါဝင်တက်ရောက်ရရေးနှင့် အပစ်ရပ်စဲထားသည့်အဖွဲ့များတွင် အမှန်တကယ် ပြည်သူလူထုကိုယ်စားပြုသည့် ကိုယ်စားလှယ်များနှင့် အပစ်မရပ်စဲသေးသည့်အဖွဲ့များနှင့် အမြန်ဆုံးငြိမ်းချမ်းရေးယူ၍ ညီလာခံတက်ရောက်ခွင့်ပြုရေးတို့ကို တောင်းဆိုခဲ့သည်။ ထို့ပြင် (၁၉၉၆)ခု၊ ဇွန် (၇)ရက်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံ ကာကွယ်ရေးဥပဒေ (၅/၉၆) ကို ရုပ်သိမ်းရန် ထည့်သွင်းတောင်းဆိုခဲ့သည်။

ယင်းတောင်းဆိုစာကို ကချင်ပြည်လွတ်လပ်ရေးအဖွဲ့၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ ၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည်တပ်မတော်၊ ရှမ်းပြည်အမျိုးသားတပ်မတော်နှင့် ကယန်းပြည်သစ်ပါတီတို့က ပေးပို့ခဲ့ဖြစ်သည်။ ❖